ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော်၁၁ရက်၊ တနင်္လာနေ့၊ (12-7-2004)(၄၂၈၂)

ဒါန၃
တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ–နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့နံနက် ၇နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်သည့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tesing de Cruz ရန်ကုန်မြို့ နိုင်ငံခြား သံရုံးများမှ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ရှေးကမုံ The Mirror
၁၂-၇-၂၀၀၄
(တနင်္လာနေ့)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကြိုးပမ်း အမျိုးသားရေးစိတ်ဓာတ်ဖြင့်ကျရာကဏ္ဍကပါဝင်ဆောင်ရွက်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် အံ့မခန်း တိုးတက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် သိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများကို ရယူအသုံးချပြီး မိမိနိုင်ငံနှင့်လူမျိုး တိုးတက် ကြီးပွားရေး၊ အမျိုးသားရေး အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး တို့အတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၌ အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့က အယူဝါဒရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အကြောင်းပြချက် အမျိုးမျိုးဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ခုတုံးလုပ် အသုံးချလျက်ရှိကြသည်။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အကြား ဓနအင်အား ကွာဟမှု၊ နည်းပညာကွာဟမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ကွာဟမှုများကြောင့် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွား နစ်နာ ဆုံးရှုံးမှုမရှိစေရန် အားထုတ်ကြိုးပမ်းနေရသော အချိန်အခါဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အမီလိုက်ပါနိုင်ရေး၊ အမျိုးသားရေး ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးတို့အတွက် အမျိုးသားရေးစွမ်းအားများကို အခိုင်အမာ တည်ဆောက်ထားရမည် ဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် ပညာရည်မြင့်မားသော လူမျိုး၊ အသိအမြင် ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန် ခိုင်မာသောလူမျိုး သာလျှင် မိမိနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ယင်းသို့သော စိတ်ဓာတ် နှင့်စွမ်းအားများ နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများအကြား ဖြစ်ထွန်း နေစေရန် ပညာရေးကဏ္ဍက တာဝန်ယူ ဆောင်ရွက်သွားရမည် ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၃ ရက်နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပ သော တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာ စကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေအောင် အမျိုးသားရေး စိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်** တိုက်တွန်းမှာကြားခဲ့သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် လိုအပ်သည့် အခြေခံ ကောင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် တည်မြဲခိုင်မာ သော အနာဂတ်ကို ပုံဖော်တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမခြေလှမ်းဖြစ်သော အမျိုးသား ညီလာခံကြီးကို ကျင်းပလျက်ရှိသည်။ တိုင်းရင်းသားလူမျိုးများ၊ လူထုလူတန်းစားအလွှာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်၏အနာဂတ်အတွက် အခြေခံ ကောင်းများကို ပုံဖော်သွန်းလောင်းနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ကြီး ပေါ်ထွန်းလာရေးကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် တက္ကသိုလ် ဆရာ၊ ဆရာမများ အပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်း စေရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကျရာကဏ္ဍက ပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ကျောက်ဆည်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခမ်းမရုံ၌ကျင်းပရာ အသင်းနာယက ဒေါ်ကြည်ခင်နှင့် နာယကများ၊ ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) နှင့် အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၀ပါးတို့အား ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)ဦးဆောင်၍ အသင်းသား၊ အသင်းသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဒုတိယ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က တင်ပြလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရေနံချောင်းဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ သာဓုအနုမောဒနာ ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကိုကျင်းပရာ အသက် ၇၅နှစ်နှင့် အထက် အဘိုး၊ အဘွား ၂၀တို့အား ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ကန်တော့ချိုးတိုင်ပေးကာ အသင်းသား၊ အသင်းသူများက ရှိခိုးကန်တော့ကြသည်။ ထို့နောက် အဘိုး၊အဘွားများအား ကန်တော့ပစ္စည်းများ ပေးအပ်ကြပြီး သက်ကြီး ပုဂ္ဂိုလ်များကိုယ်စား ဦးခင်မောင်(အငြိမ်းစားရဲမှူးကြီး)က ဆုပေးစကားပြောကြား သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်အကောင် အထည်ဖော်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။(သတင်းစဉ်)

(၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် (၃၇)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံစီးပွား ရေးဆိုင်ရာသဘောတူစာချုပ် အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ အာဆီယံ စီးပွားရေး ဆိုင်ရာ သဘောတူစာချုပ် အကောင် အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင် များ၊ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ဘရူနိုင်းဒါရူဆလမ် နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက် တစ် သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတ နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ် လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ် များ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက် ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံစီးပွား ရေးဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ရေး လုပ်ငန်း ကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြော ကြားသည်။

ထို့နောက် ဝန်ဆောင်မှု ကုန်သွယ် ရေးဆိုင်ရာ ဆပ်ကော်မတီ အတွင်း ရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံ များအတွင်း ဝန်ဆောင်မှုကုန်သွယ်ရေး တွင် အကျုံးဝင်သော ဆောက်လုပ်ရေး ဝန်ဆောင်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍ၊ ကျန်းမာရေး ဝန်ဆောင်မှုကဏ္ဍ၊ ရေကြောင်း ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေး ဝန်ဆောင်မှုကဏ္ဍနှင့် စီးပွားရေး ဝန်ဆောင်မှုကဏ္ဍများရှိ ကန့်သတ်ချက်များကို တဖြည်းဖြည်း ချင်း လျှော့ချသွားနိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန် အလှန် ညှိနှိုင်းဆွေးနွေးကြပြီး အစည်း အဝေးကို ညနေပိုင်းတွင် ရပ်နားလိုက် သည်။

ဒုတိယနေ့

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသော (၃၇)ကြိမ် မြောက် အာဆီယံဝန်ဆောင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉နာရီ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ဒုတိယနေ့ အဖြစ် ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ကိုယ်စား လှယ်များသည် အာဆီယံနိုင်ငံများ အကြား ဝန်ဆောင်မှု ကုန်သွယ်ရေး၌ အကျုံးဝင်သည့် စီးပွားရေးဝန်ဆောင်မှု ကဏ္ဍ၊ ဆောက်လုပ်ရေးဝန်ဆောင်မှု ကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှု ကဏ္ဍ၊ ရေကြောင်းဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍ၊ ခရီး သွား ဝန်ဆောင်မှုကဏ္ဍနှင့် ပညာရေး ဝန်ဆောင်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြေလျှော့မှုဆိုင်ရာကိစ္စရပ်များကို သက် ဆိုင်ရာ ကဏ္ဍအလိုက် ဆပ်ကော်မတီ အစည်းအဝေးများ ကျင်းပ၍ စေ့စပ် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်ကျင်းပမည်

အဆိုပါ အစည်းအဝေးကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် မိုးရေချိန်

(၁၁-၇-၂၀၀၄)

ကမ္ဘာအေး	–	၂ ဒသမ ၂၄ လက်မ
ရန်ကုန်မြို့လယ်	–	၁ ဒသမ ၁၄ လက်မ
မင်္ဂလာဒုံ	–	၁ ဒသမ ၁၀ လက်မ

သဲအင်းဂူ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသီဟ(ပုသိမ်)နှင့် ဦးပညာသဒ္ဓိ အရှင်သူမြတ်နှစ်ပါးတို့က ဇူလိုင် ၁၈ရက်မှ ၂၅ရက်ထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင် ၁၇ရက် (စနေနေ့) ညနေ ၅နာရီအရောက် စာရင်းသွင်းနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်းများလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြည်ပမှ ဖိအားပေးမှုအပေါ် အားကိုးပြုလျက် ဒီမိုကရေစီ ဖော်ဆောင်ရေး မျှော်တွေး၍ မရပါ

နိုင်ငံတော်အစိုးရက နိုင်ငံတော် ရှေ့ဆက်သွားမည့် ဒီမိုကရေစီ ဖော်ဆောင်ရေးမူဝါဒ လမ်းစဉ်(၇)ရပ်ကို ကြေညာချိန်မှစပြီး ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ အစရှိတဲ့ အနောက်အုပ်စု အသံလွှင့်ဌာနတွေက အသံလွှင့်တာတွေကို ဖွင့်နားထောင်လိုက်တိုင်း မြန်မာနိုင်ငံအစိုးရကို စီးပွားရေးပိတ်ဆို့ဖိအားပေးမှုတွေ တိုးမြှင့်ပေးဖို့ အနောက်အုပ်စုနိုင်ငံတွေကို တောင်းဆိုတိုက်တွန်းရုံမက အာဆီယံနိုင်ငံတွေကိုပါ အနောက်အုပ်စု လမ်းစဉ်အတိုင်း မြန်မာနိုင်ငံအပေါ် ဖိအားပေးဖို့ တိုက်တွန်းတောင်းဆိုမှုတွေ နားမဆံ့နိုင်အောင် ကြားနေရပါတယ်။

စီးပွားရေး ပိတ်ဆို့ဖိအားပေးမှုရဲ့ ရည်ရွယ်ချက်ဟာ စီးပွားရေးပိတ်ဆို့ဖိအားပေးခံရတဲ့ တိုင်းပြည်မှာ စီးပွားရေးတွေ ဆုတ်ယုတ်ကျဆင်းလျက် ပြည်သူတွေ ဆင်းရဲကျပ်တည်း ငတ်မွတ်ခေါင်းပါးကာ တည်ဆဲအစိုးရကို မကျေမနပ်ဖြစ်ကာ လူထုဆူပူအုံကြွမှုတွေ ဖြစ်ပေါ်စေကာ တည်ဆဲအစိုးရ ပြုတ်ကျရေးနဲ့ တည်ဆဲအစိုးရကို ဆန့်ကျင်သူတွေ အာဏာရရှိစေရေးသာ ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတာ စီးပွားရေး၊ နိုင်ငံရေး၊ လူ့အခွင့်အရေးတွေ တိုးတက်ဖြစ်ပေါ်ရေး၊ တစ်နည်းအားဖြင့် ကုန်လုပ်ဆက်ဆံရေးတွေ တိုးတက်ဖြစ်ပေါ်ရေး ဖြစ်ပါတယ်။

ဒီတော့ တိုင်းပြည်တစ်ပြည်မှာ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ဖို့ဆိုလျှင် ပထမနိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်ရမယ်။ တစ်ဆက်တည်းမှာပဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုဖြင့် ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်။

ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီဆိုတာ တိုင်းပြည်ရဲ့စီးပွားရေး ခေတ်မီတိုးတက်မှုကြောင့် တိုးတက်လာတဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ထွန်းတိုးတက်လာမှုနဲ့အညီ လိုက်လျောညီထွေ ဖြစ်ပေါ်တိုးတက်လာတဲ့ ကုန်လုပ်ဆက်ဆံရေး တိုးတက်မှု (အကျိုးသက်ရောက်မှု)ရလဒ် ဖြစ်ပါတယ်။

ဒါကြောင့် ကုန်လုပ်စွမ်းအားစုတွေနဲ့ ကုန်လုပ်ဆက်ဆံရေးတို့ချင်း အပြန်အလှန်ဆက်ဆံရာမှာ ကမ္ဘာပေါ်တွင် ဘယ်တန်ခိုးအင်အားကမှ တားမရနိုင်တဲ့ တရားတစ်ခုရှိပါတယ်။ အဲဒါကတော့ "ကုန်လုပ်ဆက်ဆံရေး (ဒီမိုကရေစီ-စာရေးသူ)တွေဟာ ကုန်လုပ်စွမ်းအားစုတွေရဲ့ အဆင့်နဲ့ လိုက်လျောညီထွေ လိုက်၍ဖြစ်ရတယ်"လို့ လူမှုသိပ္ပံတရားက ဆိုညွှန်းပါတယ်။

ကမ္ဘာ့သမိုင်းကို လေ့လာကြည့်လျှင် "ကျောက်လက်နက် ကုန်လုပ်စွမ်းအားစုများဟာ ရှေးဟောင်းဆွေမျိုးစု လယ်သမားကွန်မြူနစ်စနစ်"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

လက်မှုကုန်လုပ်ကိရိယာတွေနဲ့ လူ့ကြွက်သား၊ တိရစ္ဆာန်ကြွက်သားစွမ်းအားတွေဖြင့် မိမိကိုယ်ပိုင် စားသုံးရေးအတွက် ရည်ရွယ်ပြီး မိသားစုအတွင်း အလုပ်တာဝန်ခွဲဝေ ကုန်ထုတ်လုပ်တဲ့ ပဒေသရာဇ် ကုန်လုပ်စွမ်းအားစုတွေဟာ "သက်ဦးဆံပိုင် ဧကရာဇ်(အာဏာရှင်)စနစ်"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

နှောင်းခေတ် စက်မှုကုန်လုပ်ကိရိယာတွေကို ကိုင်စွဲပြီး တစ်မျိုးသားလုံးအတွင်း အလုပ်တာဝန်ခွဲဝေကာ ရောင်းကုန်ထုတ်လုပ်ရေးကို ထုတ်လုပ်ခဲ့တဲ့ "ဈေးကွက်စီးပွားရေး (အရင်းရှင်ကုန်ထုတ်လုပ်ရေး) ကုန်လုပ်စွမ်းအားစုတွေဟာ ပါလီမန် ဒီမိုကရေစီစနစ် (ပါတီစုံဒီမိုကရေစီစနစ်)"ကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါတယ်။

ဒီတော့ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေးဆိုပြီး စစ်ရေးအရ အကြမ်းဖက်တိုက်ခိုက်မှုမျိုးတွေ၊ စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုမျိုးတွေ (ဒါဟာ စီးပွားရေးအကြမ်းဖက်မှုဖြစ်တယ်) နိုင်ငံရေးအရ အထီးကျန်ဖြစ်အောင် ဝိုင်းပယ်ရေးလုပ်ဆောင်ချက် (ဒါဟာ နိုင်ငံရေးအကြမ်းဖက်မှု ဖြစ်တယ်)ဟာ သက်ဆိုင်ရာ တိုင်းပြည်တွေရဲ့ စီးပွားရေးကို ကျဆင်းဆုတ်ယုတ်စေပြီး ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပျက်စေမှုကို ဖြစ်စေတဲ့ လုပ်ရပ်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေး သဘာဝတရားကို ဆန့်ကျင်တဲ့ လုပ်ရပ် တစ်နည်းအားဖြင့် ဒီမိုကရေစီနဲ့ ဆန့်ကျင်တဲ့ "မင်းမဲ့ဝါဒနဲ့ အာဏာရှင်စနစ်"သို့ ဦးတည်ဆိုက်ရောက်စေမည့် လုပ်ဆောင်ချက်တွေသာ ဖြစ်ပါတယ်။

ဥပမာ-ပဒေသရာဇ် လူ့အဖွဲ့အစည်းထဲမှာ ပဋိသန္ဓေတည်ပြီး တိုးတက်ကြီးထွားလာတဲ့ အရင်းရှင် ကုန်လုပ်စွမ်းအားစုတွေကြောင့် အင်္ဂလန်၊ အမေရိကန်နိုင်ငံတွေမှာ ပဒေသရာဇ်စနစ် ဖျက်သိမ်းပြီး ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ထူထောင်နိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ်အပြီး စစ်နိုင်တဲ့ တိုင်းပြည်တွေဟာ စစ်ရှုံးတဲ့ တိုင်းပြည်တွေကို နောက်တစ်ကြိမ် ၎င်းတို့ကို အန်တုဖက်ပြိုင်မှု မလုပ်နိုင်အောင် စစ်လျော်ကြေးတွေ ဖိတောင်းခြင်းဖြင့် စီးပွားရေးတွေ ကျဆင်းချည့်နဲ့သွားအောင် စီးပွားရေးနဲ့ ဖိအားပေးမှုတွေလုပ်ခဲ့တာဟာ ကမ္ဘာစစ်ကြောင့် ကျဆုံးကြေပျက်နေတဲ့ ကုန်လုပ်စွမ်းအားစုတွေကို နူရာဝဲစွဲ လဲရာသူခိုးထောင်း ဖြစ်စေခဲ့တာကြောင့် ဟစ်တလာ၊ မူဆိုလိုနီတို့ ခေါင်းဆောင်လျက် နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ (အာဏာရှင်စနစ်)ကို ဖော်ဆောင်စေခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးကို ထပ်မံဖြစ်စေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကမ္ဘာ့ကုန်လုပ်စွမ်းအားစုတွေ ကျဆင်းကြေပျက်ကုန်ခဲ့ရမှုဟာ အရင်းရှင်စနစ် ဖျက်သိမ်းရေး၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဆိုတဲ့ စိတ်ကူးယဉ် လက်ဝဲအချောင်သမား ဆိုရှယ်လစ်ဝါဒကမ္ဘာကြီးကို လွှမ်းမိုးခေတ်စားစေခဲ့ကာ အရှေ့ဥရောပ ဒီမိုကရေစီနိုင်ငံတွေဟာ ခေတ်ဟောင်းဆိုရှယ်လစ် (တစ်ပါတီအာဏာရှင်စနစ်) တိုင်းပြည်တွေအဖြစ်သို့ ဆိုက်ရောက်စေခဲ့ပါတယ်။ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကတို့မှာလည်း ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးသူပုန်ထမှုတွေ မှိုလိုပေါက်ခဲ့ရတယ်။

နာဇီဝါဒ၊ ဖက်ဆစ်ဝါဒ(အာဏာရှင်စနစ်) လွှမ်းမိုးခဲ့တဲ့ ဂျာမနီ၊ အီတလီ၊ ဂျပန် အစရှိတဲ့ စစ်ရှုံးနိုင်ငံတွေဟာ ဒုတိယကမ္ဘာစစ်အပြီးမှာတော့ ပထမကမ္ဘာစစ်အပြီးနဲ့ သဘောထားဆန့်ကျင်ပြီး မာရှယ်စီမံကိန်းဖြင့် စီးပွားရေးအကူအညီတွေပေးမှုကြောင့် အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ တိုးတက်လာခဲ့တာနဲ့အညီ အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အုပ်စိုးသူအစိုးရတွေကိုယ်တိုင် ရှေ့ဆောင်ရှေ့ရွက်ပြု ကူးပြောင်းနိုင်ခဲ့ကြတယ်။

ဒါတွေကတော့ ကုန်လုပ်စွမ်းအားစုတွေ တိုးတက်မှု၊ ဆုတ်ယုတ်မှုနဲ့ လိုက်ပြီး ကုန်လုပ်ဆက်ဆံရေးတွေ ဘယ်လိုပြောင်းလဲခဲ့တယ်ဆိုတဲ့ ကမ္ဘာ့သမိုင်းသင်ခန်းစာတွေ ဖြစ်ပါတယ်။

မျက်မှောက်ကာလ ကမ္ဘာ့သမိုင်းသင်ခန်းစာကို လေ့လာကြည့်လျှင် အမေရိကန်အစိုးရဟာ ကျူးဘားမှ ကတ်စထရိုအစိုးရ ပြုတ်ကျရေးအတွက် စီးပွားရေးပိတ်ဆို့ ဖိအားပေးခဲ့တာ နှစ်ပေါင်း ၄၀ကျော် ကြာခဲ့သော်လည်း ယနေ့ထက်တိုင် မအောင်မြင်ခဲ့ပါ။

အီရတ်မှ ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျရေးအတွက် စီးပွားရေးပိတ်ဆို့ဖိအားပေးမှုတွေ လုပ်ခဲ့သော်လည်း ပြုတ်မကျနိုင်တဲ့အတွက် စစ်ရေးအရ ဝင်ရောက်ကျူးကျော်တိုက်ခိုက်ပြီး မိမိဩဇာနာခံမယ့် အစိုးရအဖွဲ့ကို ဒီမိုကရေစီအစိုးရအဖြစ် ရုပ်ဆောင်စေဖို့ ကြိုးစားမှုဟာ အီရတ်ပြည်သူတွေရဲ့ တုံ့ပြန်ဆန့်ကျင်နေမှုကြောင့် ထွေးရခက်၊ မျိုရခက်ဘဝသို့ ဆိုက်ရောက်နေခဲ့ရပါတယ်။

မြန်မာနိုင်ငံသမိုင်းကို လေ့လာကြည့်လျှင် ၁၉၄၈ခုနှစ် လွတ်လပ်ရေးရခဲ့ပြီး ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာမှုဟာ မြန်မာ့ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်လာမှုကြောင့်မဟုတ်ဘဲ အင်္ဂလိပ်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်ကို ပုံတူကူးထည့်ပေးလိုက်တဲ့ဖြစ်ရပ်၊ တစ်နည်းအားဖြင့် ဒီမိုကရေစီပျိုးပင်လေးကို ထည့်ပေးလိုက်တဲ့သဘော ဖြစ်ပါတယ်။

ကျော်မြင့်နိုင်

သို့သော် ကိုလိုနီအုပ်စိုးမှု၊ ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်စနစ်အုပ်စိုးမှုတို့ကြောင့် ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ကျဆင်းကြေပျက်နေမှုဟာ ရရှိလာတဲ့ လွတ်လပ်ရေးကို အမှန်အတိုင်း မြင်နိုင်စွမ်းမရှိတဲ့အတွက် ပါရှိလာတဲ့ ဒီမိုကရေစီပျိုးပင်ကလေးကို အမျိုးသား စည်းလုံးညီညွတ်မှုဖြင့်လည်းကောင်း၊ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းဖြင့်လည်းကောင်း ဝိုင်းဝန်းပြုစုရမည့်အစား သပိတ်အစုံ သူပုန်ထရေး လမ်းစဉ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ကြတဲ့အတွက် ကုန်လုပ်စွမ်းအားစုတွေ ပိုမိုကြေပျက်သွားကာ ဖဆပလအစိုးရ ဖော်ဆောင်လိုသော ဒီမိုကရေစီပျိုးပင်လေးဟာ သေကျေပျက်စီးသွားပြီး ဗဟိုချုပ်ကိုင် စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဦးတည်ချက်ပြောင်းသွားစေခဲ့ပါတယ်။

အကယ်၍သာ အဲဒီကာလက ရရှိလာတဲ့ လွတ်လပ်ရေးကို ထိန်းသိမ်း၊ရရှိလာတဲ့ ဒီမိုကရေစီပျိုးပင်လေးကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ အရင်းရှင်ဈေးကွက်စီးပွားရေးနဲ့ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးခဲ့ကြမယ်ဆိုလျှင် မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်း တိုင်းပြည်တွေနဲ့တန်းတူ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမှာ မလွဲပါ။

တည်ဆဲ တပ်မတော်အစိုးရဟာ ၁၉၈၈ခုနှစ် မင်းမဲ့ဝါဒ အခြေအနေဆိုးတွေကြောင့် နိုင်ငံတော်အာဏာကို ရယူပြီးတာနဲ့တစ်ပြိုင်နက် ဗဟိုချုပ်ကိုင်စီးပွားရေးစနစ်နဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းပြီး ပြည်သူ့လိုလားချက်ဖြစ်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကို ချမှတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ပြီး မြေယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံဖြစ်ပေါ်လာရေးအတွက် မြေယာစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆည်မြောင်းတာတမံတွေ၊ ရေလှောင်ကန်တွေ အားသွန်ခွန်စိုက် လုပ်ဆောင်ခဲ့တာတွေ၊ စက်မှုဇုန်တွေ ထူထောင်ဖွင့်လှစ်ခဲ့တာတွေ စတဲ့ စီးပွားရေးထူထောင် တည်ဆောက်နေတာတွေဟာ ဒီမိုကရေစီရဲ့ ရုပ်အခြေခံတွေဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ (အရင်းရှင်ကုန်လုပ်စွမ်းအားစုတွေ) ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ဖန်တီးမှု ဖြစ်ပါတယ်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု ရရှိလာတာနဲ့ တစ်ပြိုင်နက် ရွေးကောက်ပွဲကျင်းပပေးခဲ့တာ၊ ၁၉၉၃ ခုနှစ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပပေးခဲ့တာတွေဟာ ပါလီမန်ဒီမိုကရေစီ အုပ်ချုပ်ရေးအတွက် မရှိမဖြစ်၊ မပါမပြီး လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ နိုင်ငံရေးဒီမိုကရေစီ (ပါလီမန်ဒီမိုကရေစီ)အတွက် လိုအပ်မှုတွေကို ဖော်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲအပြီး ၁/၉၀ ထုတ်ပြန်ကြေညာချက်နဲ့ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံဟာ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြု အကောင်အထည်ဖော်ဖို့ ကြိုးပမ်းမှုတွေ ဖြစ်ပါတယ်။

တစ်ပါတည်းမှာ ဒီဆောင်ရွက်ချက်တွေဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးနဲ့ တပ်မတော်ကို အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင် ပါဝင်ရေးကိုအခြေခံတဲ့ အမျိုးသား ပြန်လည်ညီညွတ်ရေးအတွက် ကြိုးပမ်းမှုလည်း ဖြစ်ပါတယ်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင် တပ်မတော်က အစုစပ်ပါဝင်ရေးကို လက်မခံနိုင်ဘဲ တပ်မတော်ကို ချက်ချင်းလက်ငင်း စစ်တန်းလျားပြန်ရေး သဘောထားကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တည်ဆဲအစိုးရတို့ ညီညွတ်ရေးကို တည်ဆောက်လို့ မရနိုင်သေးဘဲ ၁၉၉၀ပြည့် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်နိုင်ခဲ့ခြင်းဖြစ်ခဲ့ရပါတယ်။

အမှန်ကတော့ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကြိုးပမ်းထူထောင်မှုတွေဟာ တစ်နေ့ကို ရွှေဥတစ်လုံးတစ်လုံး ဥပေးနေတဲ့ ငန်းတစ်ကောင်လို ဒီမိုကရေစီရွှေဥကို ဥပေးနေတာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရကို လူထုတိုက်ပွဲနဲ့ အပြုတ်တိုက်အနိုင်ယူပြီး အာဏာရယူရေး ကြိုးပမ်းမှုဖြစ်တဲ့ စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုတွေဟာ ရွှေဥ ဥပေးနေတဲ့ ငန်းကိုသတ်ပြီး ရွှေဥယူဖို့ လုပ်ဆောင်နေတဲ့ မိုက်မဲမှုမျိုးသာ ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးပိတ်ဆို့ ဖိအားပေးမှုဖြင့် ဒီမိုကရေစီ မျှော်ကိုး၍ မရနိုင်ပါ။

၁၉၄၈ခုနှစ်မှ ယနေ့ကာလအထိ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအစဉ်ကို လေ့လာသုံးသပ်ကြည့်လျှင် ဖဆပလ အပြုတ်တိုက်ရေး၊ သပိတ်အစုံ သူပုန်ထရေးလမ်းစဉ်ကြောင့် ရောင်စုံသူပုန်ထမှုကြီးဖြစ်ပေါ်လာခဲ့တာ၊ ၁၉၄၈ခုနှစ် ရွေးကောက်ပွဲဖြင့် ပေါ်ထွန်းလာခဲ့တဲ့ ဖဆပလအစိုးရ ခေါင်းဆောင်ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီဟာ ၁၄နှစ်အတွင်း ကျဆုံးသွားခဲ့ရတာ၊ ၁၉၄၉-၁၉၅၈ တို့တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်က နိုင်ငံရေးဦးဆောင်မှုအခန်းမှာ ပါဝင်ပူးပေါင်း တာဝန်ယူခဲ့ရတာ၊ ၁၉၆၂ခုနှစ်မှာ ဖဆပလအစိုးရအတွင်း အစိတ်စိတ်အမြွှာမြွှာ ကွဲပျက်မှုကို ချက်ကောင်းယူပြီး ပြည်ထောင်စုထဲမှ ခွဲထွက်ကာ ဆီးတိုးအုပ်စုနဲ့ ပေါင်းရေးကြံစည်မှုကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အာဏာကို တပ်မတော်က ရယူခဲ့ရတာ၊ ၁၉၈၈ခုနှစ် ကာလတုန်းက တည်ဆဲအစိုးရက သုံးလအတွင်း ရွေးကောက်ပွဲလုပ်ပေးမယ်၊ အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးမယ်ဆိုပြီး ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို တံခါးဖွင့်ကမ်းလှမ်းခဲ့ပါလျက် ကြားဖြတ်အစိုးရ ဖွဲ့ပေးရေးနဲ့ ဆန့်ကျင်ငြင်းဆန်ခဲ့တာ၊ ၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးပြီး ၁/၉၀ ထုတ်ပြန်ကြေညာချက်ဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့တာ၊ ၁၉၉၃ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အမျိုးသားညီလာခံ ကျင်းပပေးခဲ့ပါလျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ညီလာခံကိုယ်စားလှယ်တွေ နုတ်ထွက်သွားလို့ ညီလာခံအပြီးမသတ်ဘဲ ရပ်ဆိုင်းသွားခဲ့ရတာ စတဲ့ ဖြစ်ရပ်တွေကြောင့် မြန်မာနိုင်ငံမှာ ပါလီမန်ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေးအတွက် ကမ္ဘ (ဒီမိုကရေစီအတွက် လိုအပ်တဲ့ ရုပ်အခြေခံကုန်လုပ်စွမ်းအားစု) အခြေခံရုပ်ဘဝနဲ့ ကတ္တား (ပါလီမန် ဒီမိုကရေစီသို့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးကို မှန်ကန်စွာ ခေါင်းဆောင်မှုပေးနိုင်တဲ့) နိုင်ငံရေးပါတီ မရှိသေးကြောင်းကို ဖော်ပြတဲ့ ဒိဋ္ဌသက်သေတွေ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံ ဒီမိုကရေစီအတွက် (ကမ္ဘ၊ ကတ္တား) အခြေအနေတွေ ဖြစ်ပေါ်တိုးတက်လာရေး ယနေ့ အခြေအနေမျိုးမှာ၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်နဲ့ နိုင်ငံရေးပါတီတွေ မဟာမိတ်ဖွဲ့ လက်တွဲပူးပေါင်းပြီး ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်အောင် လုပ်ဆောင်ရမည့်ကာလ ဖြစ်ပါတယ်။

သို့အတွက် ယနေ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်ရေးကို အမှန်တကယ် လိုလားသူတိုင်း၊ ပါတီတိုင်း၊ နိုင်ငံရေးသမားတိုင်းဟာ-

(၁) တည်ဆဲအစိုးရဟာ အသွင်ဘယ်အခြေအနေမှာပဲရှိနေနေ ကုန်လုပ်စွမ်းအားစုတွေကို ကျဆင်းစေမည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ဖျက်မှု၊ စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ ဖိအားပေးမှုမျိုးတွေမှ လုံးဝရှောင်ရှားပြီး တည်ဆဲအစိုးရရဲ့ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်တွေမှာ ပူးပေါင်းဆောင်ရွက်ရင်း (ဒါဟာ ဒီမိုကရေစီအတွက် လိုအပ်တဲ့ ကမ္ဘဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေ ဖြစ်ပေါ်တိုးတက်ရေး ဖြစ်တယ်) တူညီသေးတာတွေကို ရှိုးသားယဉ်ကျေးပြီး ယုတ္တိတန်တဲ့ ဝေဖန်အကြံပေးမှုတွေဖြင့် မဟာမိတ် သဘောထားနဲ့ ဆက်ဆံဆောင်ရွက်သွားရန်။

(၂) အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်ပါဝင်ရေးကို လက်ခံတဲ့ အခြေခံသဘောထားဖြင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန်။

(၃) အမျိုးသားညီလာခံ အောင်မြင်ရေးနှင့် နိုင်ငံတော်က ရှေ့ဆက်သွားမည့် ဒီမိုကရေစီဖော်ဆောင်ရေး မူဝါဒလမ်းစဉ်(၇)ရပ် (Road Map)ကို အကောင်အထည်ပေါ်အောင် ပူးပေါင်းလုပ်ဆောင်သွားရန်တို့ဟာ စည်းကမ်းပြည့်ဝပြီး တည်တံ့ခိုင်မြဲသော ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရေးအတွက် အခြားမရှိသော ဒီမိုကရေစီဖော်ဆောင်ရေးလမ်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲဆိုင်ရာ ဘတ္တလာ၏ အစီရင်ခံစာကြောင့် ဘလဲအပေါ် ပြည်သူတို့ထောက်ခံမှု ဆက်လက်ကျဆင်းနိုင်

လန်ဒန် ဇူလိုင် ၁၀

အီရတ်စစ်ပွဲ၏အကျိုးဆက် ကသောင်းကနင်း အခြေအနေများကြောင့် ပြည်သူလူထုအတွင်း ရေပန်းစားမှု ကျဆင်းနေသော ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်စစ်ပွဲ တရားမျှတမှု ရှိ၊မရှိဆိုသည့် စုံစမ်းဖော်ထုတ်မှုကြောင့် အရှုပ်အထွေးများကြားမှ ရုန်းထွက်နိုင်ခြင်း ရှိ၊မရှိ စိန်ခေါ်မှုတစ်ရပ်နှင့် ထပ်ရင်ဆိုင်နေရသည်။

ဇူလိုင် ၈ ရက်က အီရတ်နိုင်ငံ ရှေးဟောင်းမြို့ဘေဘီလုံ၏ အုတ်တံတိုင်းအနီးတွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဖိလစ်ပိုင် စစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဟူစိန်၌ အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များရှိသည် ဆိုသောကိစ္စနှင့်ပတ်သက်၍ အစိုးရ အဖွဲ့က ရရှိခဲ့သော ထောက်လှမ်းရေး သတင်းအချက်အလက်များ၏ မှန်ကန်မှု အတိုင်းအတာကို သုံးသပ်လေ့လာထားသော အစီရင်ခံစာကို အရပ်ဘက်ဝန်ထမ်း အကြီးအကဲဟောင်း လော့ဒ် ဘတ္တလာက လာမည့်ဗုဒ္ဓဟူးနေ့တွင် တင်သွင်းမည်ဖြစ်သည်။

အပြစ်ဖို့မှုရှိနိုင်

အဆိုပါ အစီရင်ခံစာတွင် ဗြိတိသျှ ထောက်လှမ်းရေးဌာနကို အပြစ်တင် ဝေဖန်မှု ရှိနိုင်သလို အစိုးရ အဖွဲ့ကိုလည်း အပြစ်ဖို့မှုရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တိုက်တွန်း

အီရတ်နိုင်ငံတွင် ဇီဝနှင့် ဓာတုလက်နက်များရှိပြီး ယင်းလက်နက်များကို ဆက်ဒမ်အစိုးရက သုံးရန် အဆင်သင့်ရှိနေသည်ဟုဆိုကာ ဗြိတိသျှ အစိုးရက အီရတ်စစ်ပွဲကို ထောက်ခံမှုရရန် လွှန်ခဲ့သည့်နှစ်က ပါလီမန်ကို တိုက်တွန်းခဲ့သည်။

စုဆောင်းရယူ

ဘတ္တလာ ဦးဆောင်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်သည် အီရတ်ဆိုင်ရာ ပိတ်ပင်လက်နက်များနှင့် ပတ်သက်သည့်ထောက်လှမ်းရေးသတင်း အချက်အလက်များ၏ အထောက်အထားများကို လွန်ခဲ့သည့် ငါးလတာကာလအတွင်း စုဆောင်းရယူခဲ့သည်။

အီရတ်စစ်ပွဲနှင့် ပတ်သက်၍ မိမိတို့မည်သည့် အမှားများ ကျူးလွန်ခဲ့ပုံကို ယင်းအစီအရင်ခံစာတွင် ဖော်ပြမည်ဟု မိမိတို့ ယုံကြည်ကြောင်း ပူးတွဲထောက်လှမ်းရေးကော်မတီ အကြီးအကဲဟောင်း ဒိန်းပေါလင်းနီမီးဂျူးက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် တစ်နှစ်မျှပင် မလိုတော့ပဲ မဲဆန္ဒရှင်များ၏ ထောက်ခံမှုရရှိရန် ဘလဲ ကြိုးပမ်းနေချိန် ဘတ္တလာ၏ အစီရင်ခံစာက ဘလဲအပေါ် ပြည်သူလူထု၏ ထောက်ခံမှု ထပ်မံကျဆင်းရန် အခြေအနေ ဖြစ်ပေါ်လျက်ရှိသည်။ ***အင်တာနက်။***

ဗြိတိန်တပ်ဖွဲ့ဝင်များ၏လက်ချက်ကြောင့် သေဆုံးရသည့် အီရတ်များအတွက် လျော်ကြေးရလိုမှု ၉၁ မှုကို လက်ခံရရှိထားကြောင်း ကာကွယ်ရေးဌာနပြောဆို

လန်ဒန် ဇူလိုင် ၁၀

အီရတ်နိုင်ငံရောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ လက်ချက်ကြောင့် သေဆုံးခဲ့ကြရသော အီရတ်လူမျိုးများအတွက် လျော်ကြေးရလိုမှုပေါင်း ၉၁မှုကို တင်ပြတောင်းဆိုထားသည်ကို မိမိတို့ လက်ခံရရှိခဲ့ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗြိတိသျှကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ လျော်ကြေးတောင်းဆိုလာသော အမှုများအနက်မှ ၅၄မှုကို ပယ်ချခဲ့ပြီး သုံးမှုကိုသာ လက်ခံခဲ့သည်။ ကျန် ၃၄ မှုတို့မှာမူ အဆုံးအဖြတ်ပေးရန် ကျန်ရှိနေဆဲဖြစ်ကြောင်းသိရသည်။

လျော်ကြေးရလိုမှုဖြင့် တောင်းခံလာသော ၅၂ မှုတို့မှာ ဗြိတိန်တပ်ဖွဲ့ဝင်များ ပစ်ခတ်၍ သေဆုံးရသူများဖြစ်ကြောင်း စွပ်စွဲချက်များတွင် ဖော်ပြထားသည်။ ကျန်တောင်းဆိုမှုများမှာ ယာဉ်မတော်တဆမှုကြောင့် သေလောက်အောင် ဒဏ်ရာရခြင်းနှင့် မပေါက်ကွဲသေးသော လက်နက်များ ကြောင့်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ တင်ပြချက်တွင် ဖော်ပြထားသည်။ ထိုတင်ပြချက်မှာ ဝန်ကြီးဌာနမှ လွှတ်တော်သို့ တင်ပြသော တင်ပြချက်ဖြစ်၏။

အမှုလေးမှုသည် ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးခဲ့ရသည့် အမှုများဖြစ်သည်။ အီရတ်လူမျိုးများက ယင်းတို့၏ ဆွေမျိုးသားချင်းများ ဗြိတိန်တပ်ဖွဲ့ဝင်များကြောင့် သေဆုံးရသည့်အတွက် ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနမှ လျော်ကြေးရလိုကြောင်း ဗြိတိန်အထက်တရားရုံးသို့ ပြီးခဲ့သော မေလအတွင်းက လျှောက်ထားတောင်းဆိုခဲ့ကြသည်။ ထိုအချိန်မှစ၍ အီရတ်ရောက် ဗြိတိန်တပ်ဖွဲ့ဝင်များ၏ အပြုအမူနှင့်ပတ်သက်၍ အာရုံစိုက်လာခဲ့ကြခြင်းဖြစ်၏။

ရှေ့နေများသည် အီရတ်မိသားစု ၁၄ စုတို့ကို ကိုယ်စားပြု၍ လျှောက်ထားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများ၏ ကိစ္စတွင် ဥရောပအနောက်တိုင်းဥပဒေအရ အခွင့်အရေးများကျူးလွန်ခံရခြင်းရှိ၊ မရှိ တရားရုံးက ဆုံးဖြတ်သွားမည်ဖြစ်သည်။ အမေရိကန်က အီရတ်တွင် အဓိက စစ်ပွဲကြီး အဆုံးသတ်သွားပြီဖြစ်ကြောင်းကို ယမန်နှစ် မေ ၁ ရက်တွင် ကြေညာခဲ့သည်။ ရှေ့နေများ၏ အဆိုအရ ယခုတရားစွဲဆို တောင်းခံထားသော သေဆုံးသူအများစုတို့ မှာ မေ ၁ ရက်က စစ်ပြီးပြီဆိုသော ကာလနောက်ပိုင်း၌ သေဆုံးကြရသူများသာ ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲ၍ လူကိုးဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်အစိုးရအဖွဲ့သစ် အုပ်ချုပ်မှုတာဝန် ယူပြီးသည့်နောက် လူအများ သွေးမြေအကျဆုံးဖြစ်ခဲ့သည့် ကားဗုံးပေါက်ကွဲမှုတစ်ရပ် အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် ဖြစ်ပွားခဲ့ရာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ပြီး လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

တနင်္ဂနွေနေ့က ပစ်သတ်ခံခဲ့ရပြီး သေဆုံးခဲ့သော အီရတ်နိုင်ငံသားများအတွက် အသုဘတစ်ခုတွင် ဆုတောင်းပွဲ အခမ်းအနား ပြုလုပ်နေသူများကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ဝတ်ပြုဆုတောင်းနေသူထဲမှ ညီအစ်ကိုနှစ်ဦး သေဆုံးခဲ့ရာ အီရတ်ကြားဖြတ် အစိုးရ ဇွန် ၂၈ ရက်က အုပ်ချုပ်မှုတာဝန်ယူပြီးသည့်နောက် အဆိုးရွားဆုံးသော တိုက်ခိုက်မှုဖြစ်သည်။

တွန်းလှန် တိုက်ခိုက်မှုများအား ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်၍ အစိုးရသစ်က ဥပဒေသစ်များ ထပ်မံထုတ်ရန် စိုင်းပြင်းနေစဉ် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။ လုံခြုံရေးဥပဒေသစ် ထုတ်ပြန်မှုသည် နှစ်ကြိမ်ထက်မနည်း နောက်ကျခဲ့သည်။

စွမ်းရည်မရှိ

တွန်းလှန် တိုက်ခိုက်မှုများအပေါ် လူ့အခွင့်အရေးဆိုင်ရာ ရှုထောင့်မှ မဖောက်ဖျက်မိစေရေးအတွက် တင်းကျပ်သည့် ထိန်းချုပ်မှုများဖြင့် ကိုက်ညီဆောင်ရွက်ရန် အချိန်ယူနေရကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားနေသော်လည်း လုံခြုံရေးဆိုင်ရာ ဥပဒေ မထုတ်ပြန်မှုကြောင့် ဝေဖန်သူများက အစိုးရသစ်သည် စွမ်းရည်မရှိကြောင်း အဆောတလျင် စွပ်စွဲပြောကြားလာကြသည်။

ဖော်ပြပါ အသုဘအခမ်းအနား ကျင်းပနေစဉ် ကားဗုံးပေါက်ကွဲချိန်တွင် ယင်းဒေသ၌ အမေရိကန်တပ်ဖွဲ့ဝင်များမရှိကြောင်း၊ အပြစ်မဲ့ ပြည်သူလူထုကို ပစ်မှတ်ထား တိုက်ခိုက်နေသည်မှာ ထင်ရှားနေကြောင်းဖြင့် အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဗုံးဖောက်ခွဲသူများသည် ဒေသခံအုပ်ချုပ်ရေးအကြီးအကဲအား ပစ်မှတ်ထား တိုက်ခိုက်ဖွယ်ရှိသည်။ ဘာကူဘာမြို့အနီး ခါလစ်ဒေသရှိ အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသော ဒေါသထွက်နေကြသည့် လူအုပ်အား ထိန်းချုပ်နိုင်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ယင်းနေရာသို့ ရောက်ရှိလာခဲ့သည်။

ဗုံးဖောက်ခွဲသူက အသုဘ အခမ်းအနား ပြုလုပ်နေသူ အုပ်စုအတွင်းသို့ တည့်တည့် ကားမောင်းသွားပြီး ဗုံးဖောက်ခွဲခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အင်တာနက်။

အီရတ်ပြဿနာမျိုး ဆူဒန်နိုင်ငံ၌ ဖန်တီးခြင်းမပြုရန် ဆူဒန်ဝန်ကြီးက အမေရိကန်ကို သတိပေး

ခါတွန် ဇူလိုင် ၁၀

အမေရိကန်က ဆူဒန်နိုင်ငံကို ဒါဖာဒေသအရေးနှင့်ပတ်သက်၍ သပိတ်မှောက် ပိတ်ပင်မည်ဆိုပါက အခြေအနေမှာပို၍ ဆိုးရွားသွားစရာရှိသည်။ အမေရိကန်အနေဖြင့် အာဖရိကဒေသ ဆူဒန်နိုင်ငံ ဒါဖာပြည်တွင်းစစ်ကိစ္စတွင် ဝင်ရောက်စွက်ဖက်ကာ အီရတ်ပြဿနာပုံစံမျိုး ဖန်တီးပေးမည့်အဖြစ်မျိုးပြုလုပ်ခြင်းမှ လက်ရှောင်၍နေရန် ဆူဒန်နိုင်ငံခြားရေးဝန်ကြီး မူစတာဖာအစ္စမေးလ်က အမေရိကန်ကို သတိပေးလိုက်သည်။

ဆူဒန်နိုင်ငံခြားရေးဝန်ကြီးသည် အစိုးရမဟုတ်သော အလ်ရိုင်အီအလ်အမ် နေ့စဉ်သတင်းစာနှင့် တွေ့ဆုံ မေးမြန်းခန်းပြုလုပ်ခဲ့သည်။ အမေရိကန်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆူဒန်အရေးနှင့်ပတ်သက်၍ သပိတ်မှောက်ရေး အစီအစဉ်ကို စဉ်းစားရန် တောင်းဆိုခဲ့သည်။ ထိုသို့ပြုလုပ်မည်ဆိုပါက ကုလသမဂ္ဂနှင့် ဆူဒန်တို့အကြား ဖြစ်ပေါ်နေသောအရေးကိစ္စကိုဖြေရှင်းရန် ကြိုးပမ်းထားသောအားထုတ်မှုများကို ထိခိုက်စရာရှိသည်။ အခြေအနေကိုလည်း ပိုမိုဆိုးရွားသွားစေနိုင်သည်ဟု အစ္စမေးလ်က ပြောကြားသွားသည်။

ဒါဖာအရေးကိစ္စတွင် ဆူဒန်အစိုးရက ထောက်ပံ့ထားသော အာရပ်ပြည်သူ့စစ်များတွင် တာဝန်ရှိသည်ဖြစ်၍ ထိုပြည်သူ့စစ်များကို လက်နက်ဖြုတ်သိမ်းရန် ဆူဒန်အစိုးရက တာဝန်ယူထားခြင်းဖြစ်သည်။ အမေရိကန်သည် ဆူဒန်အရေးတွင် သပိတ်မှောက် ပိတ်ပင်ကာ ကြားဝင်လာမည်ဆိုက အထက်ပါ လက်နက်ဖြုတ်သိမ်းရေး ကိစ္စမှာလည်း အခက်အခဲရှိလာနိုင်ကြောင်း ဆူဒန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဆူဒန်နိုင်ငံ၏ ရပ်တည်မှုနှင့် ဖွဲ့စည်းဖြစ်ပေါ်မှုကို ပူးပေါင်းလုပ်ကြံနေသော လုပ်ရပ်များရှိနေသည်။ မိမိတို့အနေဖြင့် ထိုလုပ်ရပ်မျိုးကို ဖြစ်သည့်နည်း ဖြင့် ဟန့်တားသွားမည်။ အမေရိကန် အစိုးရက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆုံးအဖြတ်ရယူကာ နိုင်ငံကို သပိတ်မှောက်မည့် လုပ်ရပ်ကို ဆူဒန်အစိုးရက ကန့်ကွက်ဆန့်ကျင်သည်ဟု ပြောကြားခဲ့သည်။

အင်တာနက်။

ဇူလိုင် ၈ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်အတွင်းမှ အပျက်အစီးများကို ကြည့်ရှုနေသည့် အီရတ်အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသည့် ကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင် ၁၀၀၂ဦး ရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်နိုင်ငံကို စတင်ဝင်ရောက်ကျူးကျော် သိမ်းပိုက်ခဲ့ပြီးနောက် ၄၄၆ရက်အတောအတွင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင် သေဆုံးသူ ဦးရေမှာ ၁၀၀၂ဦး ရှိပြီဖြစ်သည်။

ဇူလိုင် ပထမကိုးရက်အတွင်း အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင် ၂၄ဦး သေဆုံးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ဇူလိုင်လအတွင်းက သေဆုံးသည့် တပ်ဖွဲ့ဝင်များအနက် ၂၂ဦးမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်။

စုစုပေါင်း သေဆုံးသူတပ်ဖွဲ့ဝင်များအနက် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၈၁ ဦးရှိပြီး ဗြိတိသျှတပ်သား ၆၀ ဦးနှင့် အခြားတပ်ဖွဲ့ဝင်များမှာ ၆၀ ဦး ဖြစ်ကြသည်။ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၈၈၁ဦးအနက် ၆၅၀ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

အင်တာနက်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Simon Tesing de Cruz နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီ တာဝန်ခံ Mr. Yu Boren နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါသွားကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ အမျိုးသားညီလာခံခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။(အပေါ်ပုံနှင့် အောက်ပုံ)(သတင်းစဉ်)

● **အမျိုးသားညီလာခံမှ**

ထိုနည်းတူစွာပင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၆နာရီ ၄၅မိနစ်တွင် ဧည့်ကြိုဆောင်ရှေ့သို့သွားရောက်၍ အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံ ညောင်နှစ်ပင်စခန်းမှ နောက်ဆုံးသုတ်အဖြစ် ထွက်ခွာပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်တန်းဖြင့် ညောင်နှစ်ပင်စခန်းမှ နောက်ဆုံးသုတ်အဖြစ် ထွက်ခွာသွားကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား လက်ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ဆုမွန်ကောင်းတောင်း

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုကဲ့သို့ အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ ဌာနေမိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ရာ၌ အမျိုးသားညီလာခံကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းဖြင့် ယခုလို မိမိတို့၏ ဌာနေမိသားစုထံ ပြန်ကြသကဲ့သို့ နောက်တစ်ကြိမ် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များအားလုံး ကျန်းကျန်းမာမာဖြင့် အောင်မြင်စွာပြီးဆုံးသည်အထိ ယခုလိုပင် တက်ရောက်နိုင်ကြပါစေ၊ ပြန်လည်ဆုံတွေ့နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် နှုတ်ဆက်ပြောကြားသည်။ (သတင်းစဉ်)

ဝိပဿနာရှုပွားနည်းဟောပြောပို့ချမည်

ရန်ကုန် ဇူလိုင် ၁၁

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီးဦးသန်းရွှေ(ဒလ-အုံ့ကြီး)က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရရဟန္တာသိမ်ဖြူတော်ကြီးတွင် ဇူလိုင် ၁၅ရက်မှ ၂၁ရက်ထိ ညနေ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ဝါဆိုခုနစ်ရက်တရားစခန်းကို(ဒလ-အုံ့ကြီး) ဓမ္မရိပ်သာတွင် ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၆ရက်ထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ဩဂုတ် ၁ရက်မှ ၇ရက်ထိ ညနေ ၆နာရီမှ ၇နာရီခွဲထိ ကိုယ်တွေ့ဝိပဿနာရှုပွားနည်းများကို ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ မြန်မာအမျိုးသမီးများနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက်နံနက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက၊ တိုင်းမှူး၏ဇနီးဒေါ်သန်းသန်းနွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့က **(အောက်ပုံ)** အမှာ စကားပြောကြားပြီး မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊မော်လမြိုင် ပညာရေး ကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်က အမျိုးသမီးရေးရာ အဖွဲ့အကြောင်းကိုလည်းကောင်း၊ အဖွဲ့ အတွင်းရေးမှူး၊ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်လေးပိုင်က အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့များ အကြောင်းကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက်ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က ပြည်နယ်အတွင်းမှ ထူးချွန်အမျိုးသမီးများအား ဆုများအသီးသီးပေးအပ် ချီးမြှင့်သည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် ထိုင်းအဖွဲ့တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား ထိုင်းနိုင်ငံ University of the Thai Chamber of Gommerce Dr. Pussadee Palsaram, Associate Dean of Draduate School ခေါင်းဆောင်၍ အဖွဲ့ဝင်ခြောက်ဦးပါ Centre for lnternational Trade Studies (CTTS) ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ ဇူလိုင် ၉ရက် နံနက် ၉နာရီခွဲတွင် လာရောက်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဘွဲ့လွန်ပညာသင်ကြားမှု အထောက်အပံ့ရရှိရေးနှင့် သင်တန်းဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ရင်းနှီးစွာဆွေးနွေးကြသည်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် သစ်ပင်များ စိုက်ပျိုးနေကြသည့် မြန်မာတိုင်းရင်းသူ အမျိုးသမီးတို့၏ စေတနာပုံရိပ်အလှဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃) အမှတ်(၁၄)ကို ယနေ့ထုတ်ဝေလိုက်သည်။

ဝံသာနုသတင်းလွှာတွင် ချပ်သင်းဘောမဲ့တောမှ ရွှေသမင်များကို ပစ်ခတ်ဖမ်းဆီးသူများ၊ မိုးသည်းထန်ပြီး တောင်ကျချောင်းရေ တိုက်စားမှုကြောင့် တံတားများမျောပါပျက်စီး၊အောင်ဆန်းကွင်းမှလိုင်စင်မဲ့ ကာရာအိုကေဆိုင်အား ဖမ်းဆီးအရေးယူ၊ ပလက်ဖောင်းပေါ်က ဆင်ဆာမဲ့ဗွီစီဒီခွေများ၊ ပင်လယ်ပြင်ငါးဖမ်း စက်လှေပေါ်က သင်ခန်းစာယူဖွယ်ဖြစ်ရပ်၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး၊ ပြည်ပနိုင်ငံများသို့ တရားမဝင် သွားရောက်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများနှင့်အပေါင်းပါများစသော ပြည်တွင်းသတင်းများနှင့် အီရတ်အချုပ်အခြာအာဏာ လွှဲပြောင်းရေး ပွဲတင်ရိုက်ခတ်သံများ၊ မပြီးပြတ်နိုင်သေးသော မြောက်ကိုရီးယား နျူကလီးယားပြဿနာ၊ တရုတ်နှင့်ထိုင်ဝမ်ကြား အချင်းပွားလျက်ရှိသော ထိုင်ဝမ်ရေလက်ကြား၊ အိန္ဒိယနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်၊ ထိုင်းနိုင်ငံမြောက်ပိုင်းမှ ရေလွှမ်းမှုအန္တရာယ်၊ New York Times သတင်းစာကြီးအား အမေရိကန်သမ္မတကြီးက ခုတုံးလုပ် အသုံးချရန်ကြံရွယ်ခဲ့၊ လူပေါင်း ၁၆၈ ဦးကို ဗုံးခွဲသတ်ဖြတ်ခဲ့သည့် တရားခံနီကိုးလ် သေဒဏ်မှ နှစ်ကြိမ်လွတ်မြောက်၊ ဂျပန်အထက်လွှတ်တော် အမတ်မင်းများ၏ လွှတ်တော်တွင်းရန်ပွဲ၊ ထူးထူးခြားခြား ဆန္ဒဖော်ထုတ်သူများအပါအဝင် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံနှင့် စာသင်သား သံဃာတော်များအား မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံနှင့် စာသင်သား သံဃာတော်များအား မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) မိသားစုများ၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခမ္မာရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကျိုက်ပိဆရာတော် ဘဒ္ဒန္တဂုဏောသန အမှူးပြုသော ဆရာတော် သံဃာတော် ၄၃၁ပါး ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား) နှင့် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကျိုက်ပိဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကိုနှင့် တာဝန်ရှိသူများ၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်ဆွေ(အငြိမ်းစား) နှင့် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်သားများက ဆရာတော် သံဃာတော် အရှင်သူမြတ် စုစုပေါင်း ၄၃၁ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကျိုက်ပိဆရာတော် ဘဒ္ဒန္တဂုဏောသနက အနုမောဒနာတရား ဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း) မိသားစုက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံနှင့် စာသင်သံဃာတော်များအား စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲ၌ အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်း ကပ်လှူခြင်းအတွက် စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ် ၄၀၉၁၄၀၀ ဖြစ်သည်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၁၁

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ တွဲဖက်စစ်ရေးချုပ်ဗိုလ်မှူးချုပ် လှရွှေ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီး တင်ရွှေ၊ ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်း၊ အမှတ်(၃) တပ်ထိန်းတပ် တပ်မှူး ဗိုလ်မှူးရဲမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးသိုက်ထွန်းနှင့် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးချုပ် (ပူးတွဲ) ဦးဝင်းအောင်၊ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင် (ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ လဂွမ်းပြင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ ပသောင်းတံတား
- ၅:၄၀ ၈။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၆:၁၀ ၁၁။ Discovery.
- ၆:၂၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ မျောက်မင်းဂူခုန်း (အပိုင်း-၅)**
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၅ ၁၇။ အေးချမ်းဝေစည် ရှမ်းတို့ဌာနီ (အရှေ့ပိုင်း)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ တစ်ရံရောအခါ (အပိုင်း-၃)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့် CAFEO-22 သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အာဆီယံ အင်ဂျင်နီယာအသင်း ကွန်ဖရင့် မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကြီးမှူး၍ အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့် (CAFEO-22)ကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယမန်နေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ - နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကိုကိုက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများနှင့်စာနယ်ဇင်းမှ ပုဂ္ဂိုလ်များအား မိတ်ဆက်ပေးသည်။

ထို့နောက် အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်တို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်က မြန်မာနိုင်ငံနှင့် အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်တို့၏ ဆက်သွယ်မှုသမိုင်းကြောင်းနှင့် အာဆီယံ အင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏(၂၂)ကြိမ်မြောက် ကွန်ဖရင့် ကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကျင်းပရေး ဗဟိုကော်မတီဝင်များက အာဆီယံ အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့် (CAFEO- 22) ကျင်းပရေး စီစဉ်ဆောင်ရွက်ထားမှုတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း MES Web Site နှင့် CAFEO-22 Web Site တို့နှင့် စပ်လျဉ်း၍ ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကို မြန်မာနိုင်ငံအင်ဂျင် နီယာအသင်းကကြီးမှူး၍ မြန်မာနိုင်ငံတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မင်းဘူးခရိုင်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏ (၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲအား ဆရာတော်ဦးဃောသိက အမှူးပြုသော သံဃာတော် ၁၀ပါးတို့အား ပင့်ဖိတ်လျက် ဇူလိုင်၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ဗဟန်းမြို့နယ် ကြာတောရလမ်း ကုန်သွယ်/လယ်ယာခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မင်းဘူးခရိုင်အတွင်း မင်းဘူး၊ စကု၊ စလင်း၊ ပွင့်ဖြူ၊ လယ်ကိုင်း၊ ဆင်ဖြူကျွန်း မြို့နယ်များမှ ခရိုင်သူ၊ ခရိုင်သားများ၊ အသင်းသား မိသားစုများ စုံညီစွာ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသော စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဝင်းဖေ (ဆ/မ) ဖုန်း- ၅၁၂၄၈၂၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဖေ (ဆောက်/လျှပ်) ဖုန်း- ၅၈၀၈၄၃နှင့် ဗိုလ်မှူးတင့်ဝေ (ရေ၊ ငြိမ်း)တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

ဖွံ့ဖြိုးတိုးတက် မြန်မာ့ကျေးလက်

ကရင်ပြည်နယ် မြိုင်ကြီးငူ-ဘားအံ ၃၄မိုင်ရှည် သစ္စာလမ်းမကြီး ဖွင့်ပွဲအခမ်းအနားတွင် ဤသို့ တိုင်းရင်းသားပြည်သူများ တပျော်တပါး တက်ရောက်ခဲ့ကြသည်။ (ဓာတ်ပုံ-သတင်းစဥ်)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်ပင်သာကျေးရွာတွင် လေးလက်မ စက်ရေတွင်း တူးဖော်ပေးခဲ့ရာ ရေများအောင်မြင်စွာ ထွက်ရှိလာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဤသို့တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ-သတင်းစဥ်)

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာ၌ ၂၅ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ-ကြေးမုံ)

ပုဂံ-ညောင်ဦးဒေသတွင် သီးနှံစိုက်ခင်းအား မြှင့်တင်ပေးနိုင်ရေးအတွက် ဧရာဝတီမြစ်မှရေကို ငါ့သရောက်မြစ်ရေတင်စီမံကိန်း ရေပေးတူးမြောင်းမှတစ်ဆင့် ရေပို့လွှတ်ပေးနေထားသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-စိုက်ပျိုးရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နောင်ချိုမြို့ မြို့နယ်ခန်းမ၌ နောင်ချိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

များ၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆေးရုံကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး Computer Skills Room၊ Projected Media Room၊ Computer Aided Instruction Room၊ Audio Room၊ Language Lab၊ Display Media Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

❑ အတွင်းရေးမှူး(၁)မှ

တွေ့ဆုံပွဲတွင် နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်က နောင်ချိုမြို့နယ်၏ စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ ဒေသရောက်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို ကြည့်ရှုစစ်ဆေးဖြည့်ဆည်းပေးနိုင်ရန် နောင်ချိုမြို့သို့ ဦးစွာရောက်ရှိလာခြင်းဖြစ်ကြောင်း။

နောင်ချိုမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးမှာ ချောမွေ့ကောင်းမွန်လျက်ရှိကြောင်း၊ နောင်ချို-တောင်ရှည်-တောင်ခါးလမ်းသစ်ကို ဖောက်လုပ်လျက်ရှိရာပြီးစီးပါက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ကို ဆက်သွယ်နိုင်မည့် လမ်းကြောင်းသစ်တစ်ခု ထပ်မံရရှိ အသုံးပြုသွားနိုင်မှာဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

နောင်ချိုဒေသသည် စိုက်ပျိုးရေးလုပ်ငန်း ကောင်းမွန်ပြီး ဒေသဝမ်းစာ ဖူလုံလျက်ရှိသည့် ဒေသဖြစ်ကြောင်း၊

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည်ထောင်စုကြီး၏ဒေသအနှံ့ ...
ယင်းအခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတို...

နှစ်ရှည်ပင်များတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ယခုထက်ဒေသဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် နောင်ချိုမြို့နယ်အပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်၍ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများကို ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူများက တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်သဖြင့်ဒေသအသီးသီးဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို အားလုံးလက်တွေ့တွေ့မြင်ခံစားနေကြရပြီ ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်

တိုတောင်းသောနှစ်ကာလအတွင်းမှာပင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအနှံ့အပြား၌ ပြည့်ပြည့်စုံစုံ ရာနှုန်းပြည့်နီးပါးခန့် တည်ဆောက်ပေးထားပြီးလည်းဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများကို အပြည့်အဝအသုံးချပြီး ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် အရေးကြီးကြောင်း။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်အောင်မြင်မြင် ကျင်းပလျက်လည်းရှိကြောင်း၊ အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပရေးအပါအဝင် နိုင်ငံတော်၏ နိုင်ငံရေးအစီအစဉ်များကို အဆင့်လိုက် စနစ်တကျဆက်လက်အကောင်အထည်ဖော်သွားရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် တစည်းတလုံး တစ်သားတည်း ညီညီညွတ်ညွတ် လက်တွဲပူးပေါင်း ဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပေးအပ်

ထို့နောက်အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နောင်ချိုမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် သင်ထောက်ကူ စာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်း... ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးကျော်ရင်အား အမှတ်... လက်ဆောင်ပစ္စည်းပေးအပ်စဉ်။ (သတင်း...

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်များပေးအပ်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာသက်ဆိုင်ရာ ဌာနတာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြားဖြည့်ဆည်းပေး

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး မိမိဦးဆောင်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သော အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဒေသအသီးသီးသို့ လှည့်လည်သွား

ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ဂီတ၊ ရသ အနုပညာတို့ဖြင့် တင်ဆက်ကြရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဝက်ဝံ-တောင်ခမ်းလမ်း ဖောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်မျ... စပ်လျဉ်း၍အတွင်းရေးမှူး(၁)က... သည်များကို မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)... မြို့နယ်တောင်ခမ်းဒေသသို့မန္တ... လားရှိုး လမ်းမကြီးပေါ်ရှိ ... ကျေးရွာမှ အနီးဆုံးနှင့် အ... အတွင်း ဆက်သွယ်သွားလာနိ... အတွက် ပြည်သူ့ဆောက်လု... လုပ်ငန်း လမ်းဆောက်လုပ်ရေ... ကိန်း အထူးအဖွဲ့(၁)က တို... ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒေသတ... များ၏ အနီးကပ်ကြီးကြပ်မှုမျ... ဖောက်လုပ်နေခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသ... ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အ... ရေးမှူး(၁) ဒုတိယဗိုလ်ချု... စိုးဝင်း ကျောက်မဲမြို့ မြို... ပြည်သူ့ဆေးရုံအတွက် ဆေ... သာပင် အလှူငွေနှင့် ဆေးပစ္စည်း... ပေးအပ်စဉ်။ (သတင်...

အခြေခံပညာ ကျောင်းများအတွက် ဗလာစာအုပ်များ၊ မြို့နယ်ပြည်သူ့ ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကတာဝန်ရှိသူများအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း သီပေါမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွ ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်လန်တွင် ဆရာ ဆရာမများအတွ ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်မှ ပေးအပ်စဉ်။ (သတင်းစ

၏ဒေသအနှံ့ ရာနှုန်းပြည့်နီးပါးတည်ဆောက်ပေးထား
င်တော်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေး က်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ဦးကျော်ရင်အား အမှတ်တရ (သတင်းစဉ်)

ရှင်းလင်း တင်ပြချက်များနှင့် ပ်လျှင်း၍အတွင်းရေးမှူး(၁)ကလိုအပ် သည်များကို မှာကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချို မြို့နယ်တောင်ခမ်းဒေသသို့မန္တလေး- လားရှိုး လမ်းမကြီးပေါ်ရှိ ဝက်ဝံ ကျေးရွာမှ အနီးဆုံးနှင့် အချိန်တို အတွင်း ဆက်သွယ်သွားလာနိုင်ရေး အတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း လမ်းဆောက်လုပ်ရေး စီမံ ကိန်း အထူးအဖွဲ့(၁)က တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဒေသတာဝန်ခံ များ၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ဖောက်လုပ်နေခြင်းဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကျောက်မဲမြို့ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

လမ်းသစ်

လက်ရှိ ဝက်ဝံ-နောင်ချို-တောင်ခမ်းလမ်းမှာ ၄၃မိုင် ရှိသည်။ ယခု ဖောက်လုပ်လျက်ရှိသည့် ဝက်ဝံ-တောင်ခမ်းလမ်းသစ်မှာ ၂၀ မိုင် ၂ ဖာလုံရှိမည်ဖြစ်ရာ လက်ရှိလမ်းထက် ၂၂ မိုင် ၆ဖာလုံ ခရီးတိုသွားစေမည့် လမ်းသစ်ဖြစ်သည်။

ဝက်ဝံ-တောင်ခမ်းလမ်းကို ပေ ၄၀အကျယ် မြေသားလမ်းအဖြစ် ရှေးဦးစွာ ဖောက်လုပ်သွားမည် ဖြစ်ပြီး ၁၈ပေကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် ကျောက်မဲမြို့သို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီး အောင်မင်းနှင့် ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲခရိုင်နှင့် ကျောက်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက ကျောက်မဲခရိုင်အတွင်း တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှု၊ ခရိုင်၏ အကျယ်အဝန်းနှင့် စိုက်ပျိုးမြေဧက၊ ဒေသဝမ်းစာ ဖူလုံမှု၊ မြေလွတ်မြေရိုင်း ဖော်ထုတ်မှုနှင့် ပညာရေး၊ ကျန်းမာရေး ဆိုင်ရာကိစ္စများ၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောက်မဲမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ခရိုင်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီပေါမြို့ မြို့တော်ခန်းမ၌ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းနောင့်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ရှမ်းပြည်နယ်အပါအဝင် နိုင်ငံတော်ကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့်တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာသည့် အခြေအနေများနှင့် နိုင်ငံတော်ရှေ့ဆက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရနှင့် တညီတညွတ်တည်း ပူးပေါင်းအကောင်အထည်ဖော်ရန် လိုကြောင်းဖြင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးကျော်ရင်အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ဆက်လက်၍ ကျောက်မဲမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူခန်းများအတွက် ကွန်ပျူတာများ၊ မြို့နယ်အတွင်းရှိ

ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇူလိုင် ၃ရက် နံနက် ၆နာရီတွင် ကျောက်မဲမြို့ တပ်နယ် အစည်းအဝေးခန်းမ၌ ကျောက်မဲတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီတွင် ရဟတ်ယာဉ်ဖြင့် ကျောက်မဲမြို့မှ သီပေါမြို့နယ် နမ့်လန်သို့ ရောက်ရှိကြရာ နယ်မြေခံ တပ်ရင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးခင်ဇော်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များက ကြိုဆိုကြသည်။

တိုက်နယ်ဆေးရုံကြည့်ရှု

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်လန်တိုက်နယ်ဆေးရုံသို့ သွားရောက်ကြပြီး ဆေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် သံဃာကုသဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်လန်အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးအေးကိုနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ နမ့်လန်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြ များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် နမ့်လန်ကျေ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ ရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းသိန်းဝ နမ့်လန်ဒေသနှင့် စပ်လျဉ်း အချက်အလက်များ၊ ပညာ ကျန်းမာရေး၊ လမ်းပန်းဆက် ရေး အခြေအနေများနှင့် ဖြည့်ဆ ပေးရန် လိုအပ်သည်များကို လ ကောင်း၊ ကျောင်းအုပ်ကြီးဦးအေ က နမ့်လန်အခြေခံပညာအထက် ကျောင်းခွဲ၏ ကျောင်းဆောင်လို ချက်ကိုလည်းကောင်း၊ နမ့် တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက် ရွှေဥဏ်က တိုက်နယ်ဆေး ပြည်သူများလာရောက်ဆေးကုသ တိုက်နယ်ဆေးရုံ၏ လိုအပ်ချက် ကို လည်းကောင်း ရှင်းလင်းတင် သည်။

ထို့နောက် အတွင်းရေးမှူ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခ ခဲဆင်နှင့် ပန်မိတ်ကျေးရွာမှ မူလတန်းကျောင်းများဖွင့်လှစ်နိုင် နမ့်လန်၌ သောက်သုံးရေရရှိ အတွက် စည်ပင်သာယာရေး ဌာနက စက်ရေတွင်းတူးဖော်ပေး နမ့်လန်-သောင်ကြီး-ပန်မိတ် ၅ ကားလမ်းကို ကျောက်ချော အဖြစ် အဆင့်မြှင့်တင်ရေး၊ နမ့်လ လက်ရှိအသုံးပြုလျက်ရှိသည့် လှည့် တယ်လီဖုန်းစနစ်မှ ဆက် မှု ပိုမိုကောင်းမွန်သည့် တယ်လီ စနစ်ကို ပြောင်းလဲအသုံးပြုနိုင် ကျန်းမာရေးဝန်ထမ်းများ တို ခန့်ထားရေး၊ အထက်တန်းကျေ ခွဲ၌ ကျောင်းဆောင်သစ် ဆောက် ရေး၊ တိုက်နယ်ဆေးရုံ၌ တိုးချဲ့ဆေ ဆောက်လုပ်ရေး၊ဓာတ်မှန်နှင့် လို သည့် ပံ့ပိုးပစ္စည်းများ ရရှိရေး စီစဉ်ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော် အေးချမ်းသာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွ ရေးမှူး(၁) ဒုတိယဗိုလ်ချုပ် စိုးဝင်း သီပေါမြို့တွင် ဆရာ ဆ များအတွက် ကျောင်းဝတ်စုံမ ကွန်ပျူတာနှင့် သင်ထောက် ပစ္စည်းများ၊ ဗလာစာအုပ် ပေးအပ်စဉ်။ (သတင်းစ

ဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များဖြည့်ဆည်းပေးလျက်ရှိ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီစည်းစည်းလုံးလုံးပူးပေါင်းဆောင်ရွက်ရန် အရေးကြီး

➪ စာမျက်နှာ ၉ မှ

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်သော အဖွဲ့ နမ့်လန်သို့ ရောက်ရှိလာခြင်း ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူအဆင့်ဆင့်သည် နိုင်ငံတော်၏ နယ်စပ်နယ်စွန်နယ်ဖျား ဒေသများအပါအဝင် ဒေသအသီးသီးသို့ ယခုကဲ့သို့ လှည့်လည်သွားရောက်ပြီး ဒေသအသီးသီး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်လျက်ရှိ

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုမှန်ကန်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများက ကြိုးကြိုးစားစား ဖိဖိစီးစီးလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုရယူခြင်းတို့ကြောင့် နိုင်ငံတော်၏ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကိုလည်း အားလုံးမျက်မြင်သိရှိနေကြရပြီဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နမ့်လန် အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံအတွက် မတည်လှူဒါန်းငွေနှင့် ဆေးပစ္စည်းများကို တိုက်နယ်ဆရာဝန်အား ပေးအပ်သည်။

လက်ဆောင်ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းရီအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)အား ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းရီနှင့် နမ့်လန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုင်းသိန်းဝင်းတို့က လက်ဆောင်ပစ္စည်းများကိုဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သီပေါမြို့သို့ရောက်ရှိ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် သီပေါမြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က မြို့နယ်အတွင်း တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များကို ဖြည့်ဆည်း စီစဉ်ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးစိုင်းနောင့်အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်သည်။

ဆက်လက်၍ ဆရာ ဆရာမများ အတွက် ကျောင်းဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းအား လည်းကောင်း၊ ကွန်ပျူတာနှင့် သင်ထောက်ကူပစ္စည်းများကို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်န်ဂျီးတောင်အား လည်းကောင်း၊ ဗလာစာအုပ်များကို အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယိမ်းဆောင်အား လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပစ္စည်းများကို ခရိုင်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာလှမြင့်အား လည်းကောင်း ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

နမ္မတူမြို့သို့ရောက်ရှိ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နမ္မတူမြို့သို့ရောက်ရှိကြရာ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးဝင်းရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နမ္မတူမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းက နမ္မတူမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အော်တိုတယ်လီဖုန်းရရှိရေးစသည့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နမ္မတူမြို့နယ် မန်တုံမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသိန်းဆွေက မန်တုံမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို လည်းကောင်း၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးအိုက်မုန်းက မန်တုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာဌာန အကြီးအကဲများနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းစီစဉ်

ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးသင့်သည်များကို ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးပြီး လိုအပ်သည် များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့အား ဦးအိုက်မုန်းက ရိုးရာလက်ဆောင်များကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁)သည် နမ္မတူ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ အတွက် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာမကြီးဒေါ်ဖျားအား လည်းကောင်း၊ ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် TV၊ ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းအား လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို တာဝန်ခံ ဆရာဝန် ဒေါက်တာသီသီဝင်းအားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နမ္မတူမြို့နယ် ပန်ဟိုက်ကျေးရွာအထက်တန်းကျောင်းခွဲအတွက် TVတစ်လုံးကို ပန်ဟိုက်အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီးဦးဇေယျအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ္မတူမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးကြသည်။

ထိုမှတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်း နမ္မတူ–ဘော်တွင်း သတ္တုတွင်း ဧည့်ရိပ်သာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင်က နမ္မတူ – ဘော်တွင်းသတ္တုတွင်း၏ သမိုင်းကြောင်း၊ မြေအောက်သတ္တုတွင်း/ မြေပေါ်ဟင်းလင်းပွင့် သတ္တုတွင်းများဖြင့် ခဲ၊သွပ်၊ကြေးနီ သတ္တုများ ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

နမ့်ပေါင်သို့ရောက်ရှိ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လားရှိုးမြို့နယ် နမ့်ပေါင်သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများ၊ တပ်မတော်သားများ၏ မိသားစုများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နမ့်ပေါင်တိုက်နယ်ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နမ့်ပေါင် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးညွန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံရာ နမ့်ပေါင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကြူက နမ့်ပေါင်ဒေသ၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက် များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားကို ထာဝစဉ် မျက်ခြည်မပြတ် ရှေးရှုဆောင်ရွက်သွားမည့် သဘောထားခံယူချက်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နမ့်ပေါင်ဒေသအတွက် လက်ဆောင် ပစ္စည်းများကို နမ့်ပေါင်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကြူအား လည်းကောင်း၊ နမ့်ပေါင် အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ငွေပဒေသာပင်၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် နမ့်ပေါင်ရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးညွန့်အား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ နမ့်ပေါင်တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများနှင့်ဆေးပစ္စည်းများကို တိုက်နယ်ဆရာဝန် ဒေါက်တာဇော်ဦးအား ပေးအပ်သည်။

ရိုးရာလက်ဆောင်

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးဂုံခေးအား အမှတ်တရ လက်ဆောင်ပေးအပ်ပြီး အတွင်းရေးမှူး(၁)နှင့် တိုင်းမှူးတို့အား ဦးဂုံခေးက ရိုးရာလက်ဆောင်ကို ဂါရဝပြု ပြန်လည်ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် လားရှိုးမြို့သို့ ရောက်ရှိကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ့်ပေါင် အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ငွေပဒေသာပင်၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နမ္မတူမြို့ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ငွေနှင့် ဆေးပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ထုမြို့ အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ထုမြို့ သင်ထောက်ကူပြု စာသင်ခန်းများဖွင့်ပွဲ တက်ရောက်အားပေးပြီး အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၀ရက် နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ကျောက်ထုလေဆိပ်သို့ ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ကျောက်ထုလေဆိပ်မှ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် ကျောက်ထုလေဆိပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကျောက်ထုမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကျော်နှင့်ကျောင်းသား၊ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များက ကြိုဆိုကြသည်။

ယင်းနောက် ကျောက်ထုမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ သင်ကြားမှု၊သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကျော်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ညိုခန့်တို့က သင်ကြားမှု သင်ယူမှုစာသင်ခန်းများ ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Computer Aided Instruction Room၊ Computer Skills Room၊ Audio Room တို့၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ သင်ကြားလေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် Audio Visual Language Lab၊ Printed Media Room နှင့် အိမ်တွင်းမှုနှင့် လက်မှုပညာပြခန်းတို့၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဂီတအနုပညာခန်း၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ဆက်လက်၍ ကျောင်းခန်းမ၌ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကျော်က သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများနှင့် ကျောင်း၏သမိုင်းကြောင်းကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ညိုခန့်က သင်ထောက်ကူ စာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ ကျောက်ထုမြို့၌ ကျောက်ထုလေဆိပ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပြုလုပ်နိုင်ခဲ့သည့်အတွက် ကျောက်ထုမြို့အနေဖြင့် မင်္ဂလာရှိသော နေ့တစ်နေ့ဟု ခေါ်ဆိုရမှာဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် သင်ထောက်ကူ စာသင်ခန်းများသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံးက ပံ့ပိုးဆောင်ရွက်ပေးခဲ့သော သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ ဖြစ်ကြကြောင်း။

ကျောက်ထုမြို့သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ချင်းပြည်နယ် တောင်ပိုင်း၏ တံခါးပေါက်ဖြစ်သော ပခုက္ကူ-မင်းတပ် ကားလမ်းပေါ်မှာ ရှိသကဲ့သို့ တစ်ဖက်ကလည်းမကွေးတိုင်း၏ အနောက်ခြမ်း တောင်နှင့် မြောက် လမ်းမကြီးပေါ်ဖြစ်သည့် ဆိပ်ဖြူ-ဆော-ထီးလင်း-ဂန့်ဂေါလမ်းပေါ်မှာ တည်ရှိနေကြောင်း၊ ထို့အပြင် ချင်းပြည်နယ်(မြောက်ပိုင်း)၏ တံခါးပေါက် ဖြစ်သည့် ကလေးမြို့အထိသို့လည်း ဆက်သွယ်သွားလာနိုင်ပြီး ချင်းပြည်နယ်၏ မြို့နယ်များဖြစ်သည့် ကန်ပက်လက်၊မင်းတပ်၊မတူပီ၊ဟားခါး၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ တောင်ပေါ်လမ်းမကြီးနှင့် ယှဉ်ပြိုင်သွားလာသော လမ်းပေါ်တည်ရှိသဖြင့် အချက်အချာကျသော ဒေသတစ်ခုဖြစ်ကြောင်း၊ ကျောက်ထုမြို့သည် ဆောမြို့နယ်ထက် လူဦးရေနှင့် စိုက်ပျိုးမြေ ပိုမိုသာလွန်သဖြင့် ဖွံ့ဖြိုးမှုအနေဖြင့် အဘက်ဘက်က တိုးတက်လာစေရန် ဒေသခံပြည်သူများက ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်ကြားမှု၊သင်ယူမှုအထောက်အကူပြု စာသင်ခန်းများကိုလည်း အကျိုးရှိရှိအသုံးပြုပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားလိုကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ပညာတတ်များဖြင့်တည်ဆောက်မှသာ အောင်မြင်မှုရရှိမှာဖြစ်သည့်အတွက် ကျောက်ထုမှ ကျောင်းသား ကျောင်းသူများအား ပညာရည်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်စေရန် ဆရာ၊မိဘနှင့်ဒေသခံအာဏာပိုင်များက ဝိုင်းဝန်းအားပေးကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ကျောက်ထုမြို့သည် ကျောက်ထုလေဆိပ်သစ်ကြီးနှင့်အတူ မကြာမီကာလအတွင်း တစ်နေ့တခြား ဖွံ့ဖြိုးဝေစည်လာတော့မှာဖြစ်သဖြင့် ယခုရရှိပြီးသော အောင်မြင်မှုအရှိန်အဟုန်ကို ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်ဧည့်သည်တော်များသည် ကျောင်းအကျိုးတော်ဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် ကျောက်ထုလေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ထုမြို့ အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲတွင် ကျောင်းသား ကျောင်းသူလေးများ သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သုမင်္ဂလာရာမကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း သဃ်ာန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သတ္တဌာနဗုဒ္ဓခုနစ်ဆူ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းကြီး၏ မူလ ပဓာနနာယက ဘဒ္ဒန္တ သုမင်္ဂလ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးအားရည်စူး၍ ကျောင်းတိုက်ကြီး၌ အဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သီလရှင်ယောဂီများအား ဝတ်စုံလှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်၊ ဇူလိုင် ၃၁ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀၊ သီလရှင်ဝတ်စုံတစ်စုံလျှင် ကျပ် ၂၀၀၀၊ ယောဂီဝတ်စုံတစ်စုံလျှင် ကျပ် ၁၅၀၀တို့ဖြင့် မိမိသဒ္ဓါအလျောက် လှူဒါန်းလိုပါက ဖုန်း-၅၆၀၇၁၀သို့ စာရင်းပေးဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရောဝတီတိုင်းအတွင်း မိုးစပါး ယခုနှစ်တွင် ဧက ၃၅သိန်းစိုက်ပျိုးမည် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ရောဝတီတိုင်းအတွင်းရှိ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ဒေသဖွံ့ဖြိုး တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ဇူလိုင် ၆ရက်နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရောဝတီတိုင်း ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြရာ ရောဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ညောင်တုန်းမြို့နယ်နှင့်ဓနုဖြူမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးနေမှုအခြေအနေများနှင့် မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဓနုဖြူမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်းက မြို့နယ်ဆိုင်ရာအချက်အလက်များ၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၊ မြေဩဇာတိုးတက် စိုက်ပျိုးနိုင်မှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ရည်မှန်းချက်အရ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် စိုးနိုင်က နွေစပါး၊ မိုးစပါးတိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် ဓနုဖြူမြို့သည် ယခင်က ရေလမ်းတစ်ခုတည်းကို သာ အဓိကသွားလာရ၍ ကြန့်ကြာမှုများ ရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတော်မှ ဗိုလ်မြတ်ထွန်း တံတားကြီး တည်ဆောက်ပေးခဲ့သဖြင့် ကားလမ်းပါ လွယ်ကူချောမွေ့ စွာသွားလာနိုင်ပြီဖြစ်ရာ ဓနုဖြူမြို့သည် စည်ကားမှုရှိလာပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းအဖြစ် စပါး၊ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ စသည်ဖြင့် တိုးချဲ့ စိုက်ပျိုးနိုင်သကဲ့သို့ မွေးမြူရေးနှင့် သားငါးကဏ္ဍများတွင်လည်း များစွာတိုးတက်လာသဖြင့် ဓနုဖြူမြို့သည် ဖွံ့ဖြိုးတိုးတက်မှုရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်နိုင်ငံလုံး အကြား အလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုသတ်မှတ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံများကို တည်ဆောက်ပေးခြင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ပေးခြင်း၊ ကျေးလက်နေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း စသည့်စီမံကိန်းသုံးရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုအခါ ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံတော်ကြီး အလျင်အမြန် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာအဓိကအရေးပါသော အခြေခံအချက်များပင် ဖြစ်ကြောင်း၊ ယခုအခါနိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာလျက် ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံအဝန်း စက်မှုဇုန် ၁၈ဇုန် တည်ဆောက်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်၏ အဓိကစီးပွားရေး လုပ်ငန်းကြီးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က စီမံကိန်းများ ချမှတ်ပြီး အင်တိုက်အားတိုက် တိုးချဲ့ ဆောင်ရွက်ပေးနေကြောင်း၊ ရောဝတီတိုင်းအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ကြည့်လျှင် ထိပ်ပိုင်းမှ ဦးဆောင်နေသော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ယခင်နှစ်က မိုးစပါးဧက ၃၄သိန်းစိုက်ပျိုးနိုင်ခဲ့ရာ ယခုနှစ်တွင် တစ်သိန်းတိုးချဲ့၍ ဧက ၃၅သိန်းစိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်း၏စိုက်ပျိုးရေးစီမံချက် ဖြစ်ထွန်းအောင်မြင်စေရန် ဓနုဖြူမြို့နယ် အနေဖြင့်လည်း လုပ်မြေနှင့်မြေရိုင်းများကို လယ်ယာမြေအဖြစ် ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ နွေစပါး၊ မိုးစပါးများကို အများဆုံးစိုက်ပျိုးနိုင်သည့်တိုင်းအဖြစ် ဆက်လက်ထိန်းသိမ်းရန်သာမက အခြားသီးနှံများကိုလည်း တစ်သီးမှ နှစ်သီး၊ နှစ်သီးမှ သုံးသီး စိုက်ပျိုးရန်လိုကြောင်း၊ သို့မှသာ ကျေးလက်ဒေသ၏ စီးပွားရေးကို အထောက်အပံ့ ပြုနိုင်မည်ဖြစ်ကြောင်း၊ စပါး၊ပဲ၊ပြောင်း ဆီထွက်သီးနှံများသာမက အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း တိုးချဲ့စိုက်ပျိုးရန်နှင့် နှစ်ရှည်ပင်သီးနှံဖြစ်သည့် သစ်ဆိမ့်ပင်ကိုလည်း တိုးချဲ့စိုက်ပျိုးရန် လိုကြောင်း။ သားငါးကဏ္ဍဖြစ်သည့် မွေးမြူရေးအနေဖြင့်လည်း ငါးကန်များ တူး၍ ငါးမွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ဒေသအနေဖြင့်လည်း ကြက်များကိုလည်း အင်တိုက်အားတိုက် မွေးမြူကြရန်လိုကြောင်း၊သို့မှသာ ရောဝတီတိုင်း၏ စီးပွားရေးတိုးတက်လာပြီး နိုင်ငံတော်၏စီးပွားရေးပါ အမှန်ပင် တိုးတက်လာမှာဖြစ်ကြောင်း။ ထို့ပြင် မြို့နယ်မှဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပါပူးပေါင်း၍ ဓနုဖြူ မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်း သာယာလှပရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဓနုဖြူမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ်၌ မိုးစပါး ၉၃၆၇၃ဧက စိုက်ပျိုးရန် လျာထားပြီး ၅၈၇၃၂ ဧက စိုက်ပျိုးနိုင်၍ ၆၂ ဒသမ ၆၉ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်းသိရသည်။

ဓနုဖြူမြို့နယ်သည် ရေမြေသဘာဝ အခြေအနေပေးသဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မှုကြောင့် သီးထပ်စွမ်းအား ၂၁၂ ဒသမ ၄၈ ရာခိုင်နှုန်း အထိဆောင်ရွက်နိုင်ခဲ့သဖြင့် ရောဝတီတိုင်းအတွင်း သီးထပ်စွမ်းအား ဒုတိယအကောင်းဆုံးမြို့နယ်ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဓနုဖြူမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူးဒေါက်တာ သန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ဇလွန်မြို့သို့ ရောက်ရှိပြီး ဇလွန်မြို့ရှိ သမိုင်းဝင်မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ သစ်သီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီးနောက် ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့ (၂) က တာဝန်ယူ ဆောင်ရွက်နေသည့် ဟင်္သာတ-ဇလွန်လမ်းမိုင်(၂/၇)မိုင်မှ (၁၅/၁)မိုင်အထိ လမ်းတိုးတက် ပြုပြင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဟင်္သာတ-ဇလွန်လမ်းရှိ (၂/၇)မိုင်မှ (၁၅/၁)မိုင်အတွင်း လမ်းအရှည် ၁၃ မိုင် ၇ဖာလုံကို ၁၈ပေ အကျယ် ကတ္တရာလမ်းသစ် ပြန်လည်တည်ဆောက်ရန်ဆောင်ရွက်နေကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့နယ်အင်းဓဝယ်အုပ်စု ဧက ၄၀၀ စံပြကွက်တွင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက စပါးအထူးပြု စိုက်ပျိုးခြင်းစနစ်(SRI) နှင့်တောင်သူ ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးသန့် စပါးစိုက်ပျိုး ထုတ်လုပ်ခြင်း နည်းပညာသရုပ်ပြပွဲသို့လည်းကောင်း၊ အင်းဓဝယ်အုပ်စု ဧက ၄၀၀ စံပြကွက်ရှိ ကြိုးတန်းဆွဲ တိုက်ရိုက်မျိုးစေ့ချ စိုက်ကွက်၊ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ကွက်၊ စပါးအထူးပြုစိုက်ပျိုးခြင်းစနစ်(ဖျာပျိုးခင်း) ခေါင်နှံမျိုးသန့်စပါးပျိုးခင်း၊ ပေါင်းဖော်ကြိုင်း၊ စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ၊ မျိုးသန့်စိုက်ခင်းများ နည်းပညာ ပေးပြကွက်များဖြင့် စိုက်ပျိုးထားမှုများကိုလည်းကောင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြရာ ညနေပိုင်းတွင် ဟင်္သာတမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဟင်္သာတမြို့ မြနဒီခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ရောဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုနေသော တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ရောဝတီတိုင်း၏ စီးပွားရေးတိုးတက်မှု နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူ ပြုနိုင်မည်ဟု ဆိုနိုင်ကြောင်း၊ မိုးစပါးကို ရောဝတီတိုင်းအတွင်း ယခုနှစ် တစ်သိန်းတိုးချဲ့၍ ၃၅သိန်းစိုက်ပျိုးမည်ဖြစ်၍ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် သားငါးကဏ္ဍ တိုးတက်ရေးအတွက်လည်း နိုင်ငံတော်က အားပေးကူညီလျက်ရှိရာ ဌာနဆိုင်ရာ အားလုံးက ပူးပေါင်းဆောင်ရွက်၍ နိုင်ငံတော်စီမံကိန်းများ အောင်မြင်ရန် ဆောင်ရွက်စေလိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာများသာမက ရပ်မိရပ်ဖများသည်လည်း မိမိကျရာကဏ္ဍကို ပီပီပြင်ပြင် ဆောင်ရွက်ရန်လိုကြောင်း၊ ရောဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကိုအထောက်အကူပြုသည့် တိုင်းကြီး ခြောက်တိုင်းအနက် ထိပ်ဆုံးမှ ပါဝင်သဖြင့် နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်ရေးအတွက် တက်ညီ လက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဟင်္သာတမြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ရောဝတီတိုင်း ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ကွယ်လွန်သူဇနီး ဒေါ်သန်းရီ၊ သမီးဒေါက်တာတင်အေးမူတို့အား ရည်စူး၍ အမှတ် (၃၅/၁)၊ ပျဉ်းမမြိုင်လမ်း၊ စုပေါင်းအိမ်ရာသုဝဏ္ဏနေ ဦးသိန်းဟန်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို ဇွန် ၂၂ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးတင်သိန်းလွင် (ဗိုလ်မှူးကြီး-ငြိမ်း)က လက်ခံယူစဉ်။

(က-ပ)

သရေပွဲဖြင့် ပွဲသိမ်းခဲ့သည့် ရွှေဆိုင်း(မြန်မာ)နှင့် ယူရီတာရိနီမိ(ဂျပန်)တို့ ဆုယူအပြီးတွေ့ရစဉ်။ (ကြေးမုံ)

ဝင်းထွန်းက ဒူးပျံဖြင့် ဝါကာဆူဂီကို ပွဲသိမ်း မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းနှင့် နီမိတို့ပွဲ သရေကျ

ရန်ကုန် ဇူလိုင် ၁၁

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှု၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ T&T Group က တာဝန်ယူကျင်းပသည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ၏ ဒုတိယနေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံမှ မြန်မာ့ရိုးရာလက်ဝှေ့ အားကစားအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် မြန်မာ့ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဒုတိယနေ့ပြိုင်ပွဲ၏ လေးချီအထူးပွဲတွင် ကျော်နိုင်(သုဝဏ္ဏ)နှင့် လေပွေ(တနင်္သာရီ)တို့ ယှဉ်ပြိုင်ထိုးကြရာ သရေပွဲဖြစ်သွားသည်။

ဝယ်တာဝိတ်တန်း ပြိုင်ပွဲတွင် ဝါကာဆူဂီ (ဂျပန်)အား တတိယအချီတွင် အလဲထိုးအနိုင်ယူခဲ့သည့် ဝင်းထွန်းအား ဆုယူအပြီး တွေ့ရစဉ်။ (ကြေးမုံ)

ငါးချီစိန်ခေါ်ပွဲတွင် ပန်းနှစ်ပွင့်(မဒေါက်)နှင့် လိစ္ဆဝီ(ခေါ်)စိန်ပန်း(သူရဲကောင်း)တို့ ယှဉ်ပြိုင်ထိုးကြရာ တတိယအချီတွင် လိစ္ဆဝီ(ခေါ်) စိန်ပန်း(သူရဲကောင်း) ထိခိုက်ဒဏ်ရာရရှိ၍ ပန်းနှစ်ပွင့်(မဒေါက်)က အနိုင်ရရှိပြီး စောဇွဲလေး(KLN)နှင့် စောဝီလျံသိန်း(အလင်းရောင်)တို့ ပြိုင်ပွဲတွင် သရေပွဲဖြစ်သွားသည်။

တွေ့မရှောင်(တနင်္သာရီ)နှင့် အမေ့သား(တောင်ကလေး) ယှဉ်ပြိုင်ထိုးကြရာ စတုတ္ထအချီတွင် တွေ့မရှောင်(တနင်္သာရီ)က အလဲထိုး၍ အနိုင်ရရှိသွားသည်။

နဂါးလေး(ခေါ်)နောင်စု(တနင်္သာရီ)နှင့် စောထိုက်စံ(သူရဲကောင်း)တို့သည် လည်းကောင်း၊ ခွန်မောင်ကြူး (ပဲခူးတိုင်း)နှင့် စောအဲလေး(တနင်္သာရီ)တို့သည်လည်းကောင်း သရေပွဲ ဖြစ်သွားသည်။

မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(သစ်တောရေးရာ)နှင့် ဝါကာဆူဂီ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ တတိယအချီတွင် ဝင်းထွန်း(သစ်တောရေးရာ)က အလဲထိုး၍ အနိုင်ရရှိသွားသည်။

အစပိုင်း၌ ကြည့်ကောင်းသလိုရှိသော်လည်း နောက်ပိုင်းအချိန်ဆွဲပြီး အပြန်အလှန် ပူးသတ်ကြသည်။ ဝင်းထွန်းက ပင့်ဒူး၊ ဝိုက်လက်သီးတို့ဖြင့် ဝင်၍ ဝါကာဆူဂီက ပူးသတ်ကပ်လှဲဖို့သာ စိတ်ဝင်စားနေရာ ဝင်းထွန်းက ပြေးဝင်လာသော ဝါကာဆူဂီကို ဘယ်ဒူးဖြင့် မပြီး တိုက်ချလိုက်ရာ ဝါကာဆူဂီမထနိုင်တော့ဘဲ ညာမျက်စိတစ်ဖက်ပိတ်ကာ ရှုံးနိမ့်သွားရသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဒုတိယရရှိသည့် ဝါကာဆူဂီ(ဂျပန်)ကို ဆုဖလားချီးမြှင့်ပြီး အလဲထိုး အနိုင်ရရှိသည့် ဝင်းထွန်း(သစ်တောရေးရာ)ကို ရွှေခါးပတ်နှင့် ကယ်လ်ဆမ်ကွေကာမှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်သည်။

လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲတွင် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(သစ်တောရေးရာ)က ဆီဂျီဝါကာဆူဂီ(ဂျပန်)အား တတိယအချီတွင် ဒူးပျံဖြင့် ဤသို့ ပွဲသိမ်းလိုက်သည်။ (ကြေးမုံ)

မစ်ဒယ်ဝိတ်တန်း ပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်းနှင့် ယူရီတာရိနီမိ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးကြရာ သရေပွဲဖြစ်သွားသည်။

နီမိမှာ ဂျပန်ထိုးသည့်ထုံးစံအတိုင်း နပန်းအားကိုးဖြင့် တိုက်ခိုက်သော်လည်း လက်နှင့်ခြေအရေးတွင် အားနည်းသည်။ ရွှေဆိုင်းကလိုက်တိုင်း နီမိမှာ လှည့်ပတ်ပြေးနေပြီး ကိုင်ပေါက်ဖို့သာ ကြိုးစားနေသည်။ ပြေးဝင်လာသော နီမိကို ရွှေဆိုင်းက ကြိုးဝိုင်းထောင့်မှ ဖမ်းဆီးပူးကပ်လိုက်ရာ နှစ်ဦးစလုံး ကြိုးဝိုင်းပြင် ပြုတ်ကျမည်ကဲ့သို့ ဖြစ်ရာ ပွဲကြည့်များကထိန်းပေးရသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က မြန်မာလက်ဝှေ့သမားနှင့် ဂျပန်လက်ဝှေ့သမားတို့အား ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီး (၄)ချီ စိန်ခေါ်ပြိုင်ပွဲတွင် သီတာကျော်(ဘိုကျော်-မန္တလေး)နှင့် ကြူကြူသင်း (ပတ်မစိန်-မန္တလေး)တို့ ယှဉ်ပြိုင်ထိုးကြရာ သရေပွဲဖြစ်သွားသည်။ (ကြေးမုံ)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ဆောင်ရွက် ဝန်ကြီး ဦးသန်းအောင် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၁၁

ပညာရေးဝန်ကြီးဌာနသည် မြန်မာတို့၏ ပတ်ဝန်းကျင်စိမ်းလန်းရေးတွင် တန်ဖိုးထားခြင်းကို ကျောင်းသား၊ ကျောင်းသူများ လေးစားတန်ဖိုးထားတတ်စေရန်နှင့် သဘာဝရင်းမြစ်များကို တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ကို နှစ်စဉ် အကောင်အထည်ဖော်လျက်ရှိပြီး ယခု ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ်၌ ဇူလိုင် ၁၁ရက်ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအုပ်ကြီးများဦးဆောင်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ယနေ့နံနက်ပိုင်းတွင် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်ကြည့်ရှုအားပေးပြီး သစ်ပင် စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင် တက်ရောက်ကြည့်ရှုအားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။

လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်ကြည့်ရှု အားပေးပြီး သစ်ပင်စိုက်ပျိုးပေးသည်။ (သတင်းစဉ်)

မစ်ဒယ်ဝိတ်တန်းပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ ရွှေဆိုင်း(ယာ)**၏ ထိုးချက်ကို ယူရီတာရိနီမိ(ဂျပန်)က ရှောင်တိမ်းခုခံရင်း ကိုင်ချုပ်ရန် ကြိုးစားနေစဉ်။** (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပာန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Land Sculpture By Undergrenud Water and Streams ပထမနှစ်-ပထဝီဝင်အထူးပြု
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ် (အပိုင်း-၅)**
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၄။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ ဘဝနေနည်း ရှေ့ခရီးမှာ**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး ဒုတိယတွဲ (အပိုင်း-၃၆)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၅၈ ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၅၈ကို ယနေ့ (တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ် ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်နေသည့်နိုင်ငံတကာသတင်းဂျာနယ်၏ ယခု အပတ်ထုတ် ဂျာနယ်တွင်အချုပ်အခြာအာဏာ ပိုင်စိုးရေးကို ဖော်ကျူးသည့် မလေးရှား ဝန်ကြီးချုပ်၊ စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်သမားများ၏ ကနဦး တိုက်ခိုက်မည့် အစီအစဉ်၊ ကလေးငယ်များ အားဆေးစားသုံးခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါ ဆက်နွယ်ပုံ၊ ဂရင်နာဒါနိုင်ငံအကြောင်းသိကောင်းစရာ၊ စနေဂြိုဟ် လေ့လာရေးမစ်ရှင်၊ ပျက်စီးမည့် အန္တရာယ်မရှိတော့သည့် အန်ကာဝပ်၊ ဂျပန်ရဲချုပ်ကို လုပ်ကြံရန် ကြိုးပမ်းသူများ၊ ယူအက်စ်အက်စ်ကိုး စစ်သင်္ဘောတိုက်ခိုက်ခံရမှု၊ မငြိမ်မသက်သည့်ကိုလံဘို၊ ဂွာတာနာမိုအကျဉ်းသားများအတွက် စစ်ခုံရုံးဖွဲ့မည်၊ဒဗလျူအမ်ဒီ မတွေ့နိုင်ဟုဆိုသူ တိုနီဘလဲ၊ မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ လုပ်ငန်းနည်းဗျူဟာသစ်များ၊ အာရှနှင့် အိဒ်စ်ရောဂါ၊ နို့သောက်ခြင်းနှင့် ကင်ဆာရောဂါ ဆက်စပ်မှု၊ အိန္ဒိယ စီးပွားရေး၊ နိုင်ငံတကာဟာသ၊ တရုတ်နှင့် အမေရိကန်တို့၏ လေကြောင်းသဘောတူညီချက်၊ အင်အားတိုးလာမည့် ပန်ဒါဝက်ဝံများ၊ အဖမ်းဆီးခံ ဝေလငါးကြီးများ၊ ဒုံးပျံကာကွယ်ရေးစနစ်၊အရှေ့အလယ်ပိုင်း ချူကင်းမဲ့ရေး မျှော်လင့်ချက်၊ ကနေဒါတပ်ဖွဲ့ဝင်များအား ဖုံးကြိတိုက်ခိုက်ခဲ့သည့် အမေရိကန်လေယာဉ်မှူး၊ တရုတ်ပြည်၏ လကမ္ဘာဆိုင်ရာ ရည်မှန်းချက်များ၊ ဒုတိယမြောက် သမ္မတသက်တမ်းစတင်သူ အာရိုယိုစသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

မြန်မာနယူးစ်ဝေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၁

အယ်ဒီတာချုပ်ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ် ဝေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၉)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် မြန်မာ့လယ်ယာထွက်ကုန်၏မြစိမ်းရောင်ဆန်မျိုးသစ်ပြည်ပ အဝယ် စိတ်ဝင်စား၊ မြန်မာနိုင်ငံဖြတ်ကျော်ကာ ထိုင်းနှင့်တရုတ်တို့ ကုန်းကြောင်းကုန်သွယ်မှုများစတင်၊ ပြိုင်ကားငယ် ဂိုး-ကတ်မောင်းကားလမ်း ၈၀ရာခိုင်နှုန်း ပြီးစီးနေ စက်တင်ဘာလကုန်ခန့် စကစားနိုင်မည်၊ မြို့လယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်း ရှေးဟောင်းအုတ်ရိုးတူးဖော်တွေ့ရှိ၊ လှော်ကား အခြေခံငှက်ကြည့်နည်းသင်တန်း ညအိပ်စခန်းဖွင့်သင်မည်၊ ကားပါမစ်များ သက်တမ်းတစ်လသာပေးမည်၊ တိုကျိုတွင် ခွေးအငှားဆိုင်များ တိုးပွားလာနေ၊အမေရိကန်ကိုကျော်ဖြတ်ကာ တရုတ်က ကမ္ဘာပေါ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးရ နိုင်ငံ အဖြစ်ရောက်ရှိ၊ အိန္ဒိယ ဆာရီနိုင်ငံ တကာဖက်ရှင်သို့ ထိုးဖောက်ပြီ၊ တောင်ကိုရီးယားတွင် သတို့သမီး သင်တန်းပေးနေရစသည့်ပြည်တွင်းပြည်ပ စိတ်ဝင်စားဖွယ်ရာ သတင်းများ၊ အပတ်စဉ် ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင် ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ ဝေဝေဆာဆာ ဖော်ပြကာ e-Empire Media House ဖုန်း ၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (က-ပ)

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဇူလိုင် ၁၁

ချင်းတွင်းမြစ်ရေသည်ယနေ့ နံနက်၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၄၈၄စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟုမိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့်ဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်း ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်၈နာရီတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးညွန့်၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး၊ဆရာဆရာမများနှင့်ကျောင်းသား ကျောင်းသူလေးများက ကျောင်းဝင်းအတွင်း ကံ့ကော်၊ ယုဇန၊ ပွင့်တူရွက်တူ၊ လေကာ၊ အာသောက၊ သံပုရာ၊ ငရုတ်၊ သစ်ဆိမ့်ပင်၊ ပန်းအလှပင်များနှင့်စားပင်သီးပင်များကို သတ်မှတ် နေရာများ၌ စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ပြည်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၁၁

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘော ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသား ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ၆၉မှတ်၊ ၃၇မှတ်ဖြင့်နိုင်ပြီး၊ ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၇၇မှတ်၊ ၆၄မှတ်ဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးဒုတိယအုပ်စုပတ်လည်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ရန်ကုန်တိုင်းကို ၄၉မှတ်၊ ၄၆မှတ်ဖြင့်နိုင်ပြီး ပဲခူးတိုင်းက ဧရာဝတီတိုင်းကို ၅၈မှတ်၊ ၂၁မှတ်ဖြင့်နိုင်သည်။

ယနေ့ပွဲများ

(အမျိုးသမီးပြိုင်ပွဲ)

ရန်ကုန်တိုင်းနှင့်ရှမ်း(တောင်)

ဧရာဝတီနှင့်မကွေး

(အမျိုးသားကွာတားဖိုင်နယ်ပွဲ)

မန္တလေးနှင့်ရှမ်း(တောင်)

မွန်နှင့် ရှမ်း(မြောက်)

(ကြေးမုံ)

မြောက်ဥက္ကလာပ အထက(၁) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ ရက် (စနေနေ့) နံနက် ၉နာရီတွင် အေစီအေပညာရိပ်ငြိမ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ သာသနာ့ဘောင်သို့ကူးပြောင်းသွားသော ဆရာနှင့်ကျောင်းသား ဟောင်းသံဃာအပါး ၄၀ကျော်အား ဝါဆိုသင်္ကန်းကပ်လှူကြမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုများကို ဦးချိုအေး ဖုန်း-၆၉၉၅၁၁ နှင့် ၆၉၉၅၁၈တို့သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (၆၇)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၇-၂၀၀၄)

ကိုကိုးကျွန်း	-	၉ ဒသမ ၉၆	လက်မ
ခန္တီး	-	၇ ဒသမ ၆၈	လက်မ
မောင်တော	-	၅ ဒသမ ၆၃	လက်မ
စစ်တွေ	-	၃ ဒသမ ၉၄	လက်မ
ဂွ	-	၃ ဒသမ ၈၆	လက်မ
သံတွဲ	-	၃ ဒသမ ၁၅	လက်မ
ကျောက်ဖြူ	-	၃ ဒသမ ၀၇	လက်မ



ကျေးလက်ဒေသ ရေရရှိရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

မောင်ဘဖေ (ဥသာ)

နိုင်ငံတော်၏ ၁၂ ရာခိုင်နှုန်းသော အကျယ်အဝန်းတွင် နေထိုင်လျက်ရှိကြပြီး တစ်နိုင်ငံလုံး လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော် ပြည်သူတို့သည် သန့်ရှင်းသော သောက်သုံးရေ မရရှိသဖြင့် နေ့စဉ်တွေ့ကြုံနေကြရသော လူမှုဒုက္ခအပေါင်းတို့မှ လွတ်ကင်းစေရေး ဒါနပြုရင်း နိုင်ငံ့တာဝန် ထမ်းဆောင်ရသည်မှာ ရတောင့်ရခဲသော အခွင့်ထူးကြီးတစ်ရပ်ပင် ဖြစ်ပေသည်။

မှန်ပါသည်။ မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်၊ အနည်ကျချိုင့်ဝှမ်းဒေသအား နှစ်စဉ်မိုးရေချိန် ၁၀၀ စင်တီမီတာအောက်သာ ရွာသွန်းလေ့ရှိသော မြန်မာနိုင်ငံ၏ အပူဆုံး၊ အခြောက်သွေ့ဆုံးဒေသဟု သတ်မှတ်ထားသည်။ အဆိုပါဒေသတွင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ ပါဝင်ပြီး မြို့နယ်ပေါင်း ၅၅ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၈၀၂ ရွာတို့နှင့် ဖွဲ့စည်းထားသည်။ သဘာဝတရား၏ ဖန်တီးပေးမှုအရ ၎င်းဒေသအတွင်း လူမှုအခြေခံအဆောက်အအုံ ဖြစ်ထွန်းမှု နည်းပါးခဲ့ရသည်။ ထိုအခြေခံလူမှုအဆောက်အအုံများအနက် မရှိမဖြစ် အရေးကြီးသည့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးသည် အပူပိုင်းဒေသတွင် အဓိကရင်ဆိုင်နေရသော လူမှုဒုက္ခကြီးဖြစ်သည်။

အပူပိုင်းဒေသတွင် ရရှိနိုင်သော အခြေခံရေအရင်းအမြစ် အများစုမှာ မိုးရေလှောင်ကန်များဖြစ်သည်။ မိုးတွင်းကာလ မိုးရေများ သိုလှောင်ထားကာ မိုးကုန်ကာလများတွင် ကာလအပိုင်းအခြား တစ်ခုထိသာ ထုတ်ယူသုံးစွဲနိုင်သည်။ မိုးရေလှောင်ကန်များသည် ရွာမှ တစ်မိုင်ခန့် ကွာဝေးတတ်ပြီး ထိုကန်များ ခန်းခြောက်သွားပါက ရွာမှ လေးငါးမိုင်ခန့်ထိ ကွာဝေးသော အခြားကန်များတွင် သွားရောက်ခပ်ယူရလေ့ရှိသည်။ ထို့ကြောင့် ရွာသူ၊ ရွာသားများသည် ရေရရှိရေးအတွက် နေ့စဉ်အချိန် သုံးနာရီ၊ လေးနာရီ ပေးနေကြရသည်။ တစ်နည်းအားဖြင့် အိမ်ထောင်စုအလိုက် စီးပွားရေးလုပ်ငန်း လုပ်ရမည့်အချိန်၊ ပညာသင်ကြားရမည့် အချိန်များမှ တစ်နေ့လျှင် အချိန်သုံးပုံတစ်ပုံခန့်ကို ရေရရှိရေးလုပ်ငန်းအတွက် နေ့စဉ်အသုံးပြုနေကြရသည်။

ထို့အပြင် ထိုဒေသရှိ ပြည်သူများသည် ရေရှားပါးမှုကြောင့် တစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အထကောင်းများ မဆောင်ရွက်နိုင်ခြင်း၊ မသန့်ရှင်းသော ရေများ သုံးစွဲရသောကြောင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်း၊ သန်ကောင်ရောဂါဖြစ်ပွားခြင်း၊ မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားခြင်း စသော ကျန်းမာရေးဒုက္ခများ ခံစားကြရသည်။

အပူပိုင်းဒေသရှိ ပြည်သူများ ဖော်ပြပါ လူမှုဒုက္ခများ ကင်းလွတ်စေရန် နိုင်ငံတော်အကြီးအကဲက အဖြေထုတ် လမ်းညွှန်ပေးခဲ့သည်။ အဆိုပါ ဒေသများတွင် မြေအောက်ရေများ ထုတ်ယူသုံးစွဲနိုင်အောင် စက်ရေတွင်းများ တူးဖော်ပေးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို တာဝန်ပေးခဲ့သည်။ ဤသည်မှာ နိုင်ငံတော်က ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်အနက် **ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေး** ဟူသော အချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနသည် အဆိုပါ မွန်မြတ်သော တာဝန်ကြီးအား ဝမ်းပန်းတသာ နာခံ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။ သတ်မှတ်ပေးသော စီမံကိန်းကာလ ၁၀ နှစ်ထက် စောစီးစွာ ပြီးစီးရန် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည်။ ၂၉-၆-၂၀၀၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စည်ပင်သာယာရေးဦးစီးဌာန ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **“စည်ပင်သာယာရေးအဖွဲ့များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်မှာ ပါဝင်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေး လုပ်ငန်းများကို မိမိတို့၏ အဓိကလုပ်ငန်းများအဖြစ် အလေးထား ထမ်းဆောင်ရန်”** လမ်းညွှန်မှာကြားခဲ့သည်။ ထိုလမ်းညွှန်ချက်အတိုင်း စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ အဓိက လုပ်ငန်းများအား စီမံကိန်းကြီး (၃)ရပ်နှင့် အံဝင်ခွင်ကျ ချိတ်ဆက်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ရေပေးရေး ၁၀ နှစ်စီမံကိန်း ရေးဆွဲပြီး ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းကာလသည် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သည်။ စီမံကိန်း ပြီးဆုံးသည့်နှစ်တွင် အပူပိုင်းဒေသဖြစ်သော စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းတို့တွင် ကျေးရွာတိုင်း အနည်းဆုံး ရေပေးရေးစနစ်တစ်ခုစီ ရရှိသုံးစွဲနိုင်ရမည်ဖြစ်သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း ၁၅၈၀၂ ရွာအနက် လက်ရှိ သန့်ရှင်းသော သောက်သုံးရေ ရရှိနေသော ကျေးရွာ ၇၇၆၀ ရွာသာ ရှိသဖြင့် ရေပေးရေးဆောင်ရွက်ပေးရမည့် ကျေးရွာပေါင်း ၈၀၄၂ ရွာရှိသည်။ ထိုရွာများအနက် မိုးရေမှအပ ရေမရရှိသော (ရှားပါးသော) ကျေးရွာ ၅၃၅ ရွာအား ပထမဦးစားပေးအဖြစ်လည်းကောင်း၊ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ မရရှိသော ကျေးရွာ ၃၆၇၇ ရွာအား ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေ မရရှိသောကျေးရွာ ၃၈၃၀ ရွာအား တတိယဦးစားပေးအဖြစ်လည်းကောင်း စုစုပေါင်း ၈၀၄၂ ရွာအား အဆင့်ဆင့် ဆောင်ရွက်ပေးသွားရန်ဖြစ်သည်။

အပူပိုင်းဒေသ တိုင်းသုံးတိုင်းအပြင် အခြားပြည်နယ်/တိုင်းများတွင်လည်း အလားတူ ၁၀ နှစ်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုပြည်နယ်/တိုင်းများတွင် ကျေးရွာပေါင်း ၃၆၂၀၈ ရွာရှိသည့်အနက် ကျေးရွာ ၁၅၁၈၃ ရွာ ရေရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရသည်။ ၎င်းတို့မှာ ရေခက်ခဲသောကျေးရွာ ၃၄၄ ရွာ၊ ရေမလုံလောက်သောကျေးရွာ ၅၄၈၉ ရွာနှင့် သန့်ရှင်းသော သောက်သုံးရေ မရရှိသည့်ကျေးရွာ ၉၃၅၀ ရွာတို့ဖြစ်သည်။

စည်ပင်သာယာရေးဦးစီးဌာနသည် စီမံကိန်းအား ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ လေးနှစ်တာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ကျေးရွာပေါင်း ၇၁၄ ရွာ၊ ရေရရှိရေး လုပ်ငန်းပေါင်း ၁၀၅၃ ခု၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ကျေးရွာပေါင်း ၁၄၂၅ ရွာ၊ လုပ်ငန်းပေါင်း ၁၉၂၀ ခု၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကျေးရွာပေါင်း ၁၅၇၈ ရွာ၊ လုပ်ငန်းပေါင်း ၁၉၆၇ ခု၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကျေးရွာပေါင်း ၁၁၉၀ ရွာ၊ လုပ်ငန်းပေါင်း ၂၃၈၃ ခု၊ စုစုပေါင်း ၄၉၀၇ ရွာ၊ လုပ်ငန်းပေါင်း ၇၃၂၃ ခု ဆောင်ရွက်နိုင်ခဲ့ သည်။ အဆိုပါလုပ်ငန်းများအတွက် နိုင်ငံတော်ထောက်ပံ့ငွေ ၄၄၃ ဒသမ ၅၈ သန်း၊ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၁၁၃၉ ဒသမ ၈၂ သန်း၊ ပြည်တွင်း၊ ပြည်ပ အလှူရှင်များ လှူဒါန်းငွေကျပ် ၇၉၇ ဒသမ ၈၆ သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ အက်ဖ်အီးစီ ၁၀၀၁၂၊ စုစုပေါင်း မြန်မာကျပ်ငွေ ၂၃၈၁ ဒသမ ၂၆ သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ အက်ဖ်အီးစီ ၁၀၀၁၂၊ ကျခံသုံးစွဲခဲ့သည်။

ကျော်တို့ သန့်ရှင်းသော သောက်သုံးရေ သုံးစွဲမှု အကျိုးခံစားနေကြရပြီ ဖြစ်သည်။ သုံးစွဲသောက်သုံးသောရေများ သန့်ရှင်းသောကြောင့် အပူပိုင်းဒေသတွင် ရေကြောင့် ဖြစ်ပွားလေ့ရှိသည့် ရောဂါဘယများ တဖြည်းဖြည်း လျော့နည်းကင်းစင်လာသည်။ သာဓကပြရပါမူ ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားနှုန်းသည် ၎င်းဒေသတွင် ၁၉၈၈ ခုနှစ်၌ ကလေး၊ လူကြီး ၂၃၆၃ ဦး ဖြစ်ပွားခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၄၅၃ ဦးအထိ လျော့ကျခဲ့သည်။ ရေကြောင့်ဖြစ်ပွား သော အခြားရောဂါများလည်း အလားတူ ကျဆင်းခဲ့သည်။ တစ်နိုင်ငံလုံး အနေနှင့်လည်း ကျေးရွာပေါင်း ၁၀၆၀၂ ရွာမှ ပြည်သူကိုးသန်း

မကွေးတိုင်း ချောက်မြို့ နယ်စပ်စည်ပင်သာယာရေးအဖွဲ့မှ နရွဲတော ကျေးရွာ လေးလက်မ စက်ရေတွင်း တူးဖော်စဉ်။

စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာ ၃၅၃၄ ရွာတွင် ရေရရှိရေး လုပ်ငန်းပေါင်း ၄၇၃၄ ခု၊ ပြည်တွင်းအလှူရှင်များ လှူဒါန်းငွေဖြင့် ကျေးရွာ ၁၀၂၇ ရွာ၊ ရေရရှိရေးလုပ်ငန်းပေါင်း ၁၁၅၁ ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှ ကျေးရွာ ၁၈၀ ရွာတွင် ရေရရှိရေး လုပ်ငန်းပေါင်း ၉၃၇ ခု၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)အဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာ ၈၄ ရွာတွင် ရေရရှိရေး လုပ်ငန်းပေါင်း ၄၁၆ ခု၊ အာရှ-ဂျပန် ပေါင်းကူးအဖွဲ့ (BAJ)နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း၍ ကျေးရွာ ၇၁ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၇၄ ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာ ၁၁ ရွာတွင် ရေရရှိရေးလုပ်ငန်း ၁၁ ခု၊ ကျေးရွာစုစုပေါင်း ၄၉၀၇ ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း ၇၃၂၃ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အခြားပြည်နယ်/တိုင်းတို့တွင် စီမံကိန်းစတင်သော ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ လေးနှစ်အတွင်း ကျေးရွာ ၅၆၉၅ ရွာတွင် လုပ်ငန်းပေါင်း ၈၃၉၂ ခု ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၉၄၈၈ ရွာသာ ကျန်ရှိမည်ဖြစ်သည်။ တစ်နိုင်ငံလုံး အနေနှင့်မူ ရေရရှိရေး ဆောင်ရွက်ပေးရန် ကျေးရွာ ၂၃၂၂၅ ရွာ ရှိသည့်အနက် ကျေးရွာ ၁၀၆၀၂ ရွာတွင် လုပ်ငန်းပေါင်း ၁၅၇၁၅ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဘဏ္ဍာငွေ ကျခံသုံးစွဲမှုကို ဖော်ပြရပါက မြန်မာကျပ်ငွေ ၃၅၇၅ ဒသမ ၉၁ သန်း၊ အမေရိကန်ဒေါ်လာ ၆၇၇၂၂၊ အက်ဖ်အီးစီ ၁၀၀၁၂ နှင့် ယူရိုငွေ ၂၇၀ သုံးစွဲခဲ့သည်။ နှစ်အလိုက် လျာထားသတ်မှတ်သော စက်ရေတွင်းများ အောင်မြင်စွာ တူးဖော်နိုင်ရေးအတွက် ကျွမ်းကျင်သော ဘူမိဗေဒပညာရှင်များက ခေတ်မီသော တိုင်းတာစက်များဖြင့် မြေအောက်ရေရရှိနိုင်မှု အခြေအနေများအား စမ်းသပ် တိုင်းတာပြီး ခန့်မှန်းရရှိသော အနက်ပေများအလိုက် ပေ ၁၀၀၀ မှ ပေ ၁၅၀၀ အထိ တူးဖော်နိုင်သော တွင်းတူးစက်ကြီးများ၊ မိမိတို့ဌာနမှ တီထွင်ထုတ်လုပ်ထားသော ပေ ၈၀၀၊ ပေ ၆၀၀၊ ပေ ၄၀၀ အသီးသီး တူးဖော်နိုင်သော တွင်းတူးစက်များဖြင့် တူးဖော်ပေးလျက်ရှိသည်။

ယခုအခါ လေးနှစ်တာ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အပူပိုင်းဒေသတွင် ကျေးရွာပေါင်း ၄၉၀၇ ရွာရှိ ကျေးလက်နေပြည်သူ ခန့်မှန်း ၆ ဒသမ ၆ သန်းကျော်တို့သည် ရေရရှိရေး စီမံကိန်း၏ အကျိုးရလဒ်ကောင်းများ ခံစားနေကြရပြီ ဖြစ်သည်။

၎င်းအပြင် မြင်းမူ၊ ချောင်းဦး၊ တောင်တွင်းကြီး၊ မင်းဘူး၊ အောင်လံ၊ ကျောက်ဆည်၊ မြစ်သား၊ မြင်းခြံ စသည့်မြို့နယ်များသည် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အောင်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားများ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ဆက်လက်၍လည်း မြို့နယ် ၁၂ မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိခြင်း အောင်ပွဲ အခမ်းအနားများ ဆောင်ရွက်ရန် အသင့်ဖြစ်လျက်ရှိသည်။

ရေလှူဒါန်းခြင်းဖြင့် မတောင်းဘဲ ရေအကျိုး ၁၀ ပါး ရရှိသည်ဟု အဆိုရှိပါသည်။ နိုင်ငံ အကြီးအကဲများ၊ စက်ရေတွင်းများ ဖြစ်ပေါ်လာအောင် စေတနာထက်သန်စွာ ငွေလှူဒါန်းခဲ့ကြသော ပြည်တွင်း၊ ပြည်ပ အလှူရှင်များ၊ အားကြိုးမာန်တက် တူးဖော်ဆောင်ရွက်ပေးခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင် တကူးတက ရည်ရွယ်ဆုတောင်းခြင်း မပြုစေကာမူ ရေရရှိနေပြီဖြစ်သော ကျေးလက်ပြည်သူတို့၏ နေ့စဉ်ဆုတောင်းမေတ္တာ ပို့သမှုကြောင့် ရေအကျိုး ၁၀ ပါး ပြည့်စုံနိုင်ပြီဖြစ်သည်။

အမှန်တကယ် ရေခက်ခဲရှားပါးသော ဒေသများ၊ ကျေးရွာများတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးရန်ပုံငွေ ၊ ပြည်တွင်းအလှူရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းများ၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ အာရှ-ဂျပန် ပေါင်းကူးအဖွဲ့ (BAJ)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ၁၀ နှစ်စီမံကိန်း၏ ၆၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ရာ ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော် ကျင်းပ

လှိုင်လင် ဇူလိုင် ၁

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်”အဖြစ် လှိုင်လင်မြို့နယ် စိမ်းလန်းစိုပြည်စေရေးအတွက် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက အစိုးရကွန်ပျူတာကောလိပ်(ပင်လုံ)၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းက သစ်ပင်စိုက်ပျိုးနည်း သရုပ်ပြ ရှင်းလင်းတင်ပြသည်။

စိုက်ပျိုး

ထို့နောက် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းအများ၊ ကျောင်းများ၊ ရပ်ကွက်များမှ သစ်ဆိမ့်ပင် ၅၀၀၊ ချယ်ရီနှင့် ပင်စိမ်းပင် ၁၅၀၀ စုစုပေါင်း အပင် ၂၀၀၀ ကို မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးကြသည်။ (ခရိုင်ပြန်/ဆက်)

ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

လဲချား ဇူလိုင် ၃

လဲချားမြို့နယ် ဝမ်တုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၁ ရက်က ဝမ်မိုင်လုံကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်ဟေး၊ နီပွန်ဖောင်ဒေးရှင်းမှ ဌာနေကိုယ်စားလှယ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကံထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဦးစီးအရာရှိ ဦးရန်ဟေးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားသည်။ (မြို့နယ်ပြန်/ဆက်)

Congratulation !

to

EXCEL TREASURE TOWER, EXCEL SHOPPING MALL & EXCEL TREASURE HOTEL

2nd July, 2004 တွင် ဖွင့်လှစ်သော Super Technology Construction ၏ Excel Treasure Tower, Excel Shopping Mall, Excel Treasure Hotel & Tokyo Pipe Head Office အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာ ဝမ်းမြောက်မိပါကြောင်းနှင့် လုပ်ငန်းများ ဆတက်ထမ်းပိုးတိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

၁။	ဦးကျော်ကျော်လှိုင်	OK Myanmar Co., Ltd	၁၁။	ဦးဝင်းနိုင်သန့်	Prime-Boss Electronic Co., Ltd
၂။	ဦးဝေလွင်	(MD) TMW Enterprise Ltd	၁၂။	ဦးအေးထွန်း	Universal Tractor Co., Ltd
၃။	Mr. Kuramoto	Kapper Co., Ltd	၁၃။	ဦးဦးခိုင်	Tet Kham Construction
၄။	ဦးမြတ်သင်းအောင် + ဒေါ်ခင်မြင့်မြင့်	AA Electronics Ltd	၁၄။	ဦးကျော်ကျော်	(Khind Electrical Home Appliances) (Monarch Co., Ltd)
၅။	Mr. Thameez	Saachi <Asia> Co., Ltd	၁၅။	ဦးဝင်းနိုင်ဖော်	Pyae Soan Win Naing Co., Ltd
၆။	ဦးနေလင်းအောင်	Nilar Yoma Co., Ltd	၁၆။	ဦးချစ်ခိုင်	Eden Group
၇။	ဦးမောင်ဝိတ်	Maung Weik & family	၁၇။	ဦးဆန်းထွန်း	Sun Htun Engineering Services Co., Ltd
၈။	ဦးယဉ်ထွေးသက်	CEC	၁၈။	ဦးအောင်ကျော်သန်း	Nine One Neon
၉။	ဦးအောင်ကိုကို	Nine One Neon	၁၉။	ဦးအောင်ကျော်ဦး	Idea Co., Ltd
၁၀။	ဦးအောင်ဝင်း	TWJS Co., Ltd			

ဓာတ်အားလိုင်းဆိုင်ရာလုပ်ငန်းများနှင့်စက်မှုလုပ်ငန်းများအတွက်

No. 8, 10, 12 (4 mm∅, 3.25 mm∅, 2.5 mm∅) များကို

" သတ်သားသောဈေးနှုန်းများဖြင့် အရေအတွက် အကန့်အသတ်မရှိ လိုအပ်သလို လှမ်းယူနိုင်ပါပြီ "

ဆက်သွယ်ရန် - မြန်မာ့ ... (အမှတ်-၆ ဘီ၊ ... ရန်ကုန်)

☎ ၆၆၂၈၈၉၊ ၆၅၀၂၅၂၊ ၆၆၂၉၉၇ E-mail Address: mfwmin@myanmar.com.mm

- ရွှေမြန်မာအရောင်းဆိုင်များ (ရန်ကုန်၊ မန္တလေး၊ ပြည်၊ မကွေး)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းနှိုင်းသာခန့်ထားရန်)

ပဲခူးတိုင်းအင်းတကောက်ဈေ်ာဘာမြေတွင် ဈေ်ာဘာအစေးထုတ်လုပ်မှုနှင့်ပတ်သက်သည့် ကျွမ်းကျင်သော

၁။ မန်နေဂျာ ကျား (၁)ဦး

(က) အစေးထုတ်လုပ်ခြင်းကျွမ်းကျင် နားလည်ရမည်။

(ခ) ဈေ်ာဘာခြံကို ကောင်းမွန်စွာ ထိန်းသိမ်းစီမံခန့်ခွဲနိုင်ရမည်။

(ဂ) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်မှ (၁၀)နှစ်အတွင်းရှိရမည်။

၂။ လက်ထောက်မန်နေဂျာ ကျား (၃)ဦး

(က) B.Ag (သို့) စိုက်ပျိုးရေးဒီပလိုမာ၊ လုပ်သက် ၂ နှစ်အထက်

(ခ) မြေထိန်းသိမ်းရေး နားလည်ရမည်။

(ဂ) ဈေ်ာဘာထုတ်လုပ်မှု ကျွမ်းကျင် နားလည်ရမည်။

လျှောက်ထားလိုသူများသည်အမျိုးသားမှတ်ပုံတင်မိတ္တူ၊အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ကိုယ်ရေးရာဇဝင်၊ဓာတ်ပုံ(၁)ပုံ ပူးတွဲ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အောက်ပါ လိပ်စာ အတိုင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

မင်းထွန်း ထရေးဒင်း ကုမ္ပဏီလီမိတက်

အမှတ် (၂၇၀)၊ ကျောက္ကဆယ်(က)၊ ပြည်လမ်း၊ ... ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းနှိုင်းသာခန့်ထားရန်)

1. Sales Man (M) 10 posts
2. Sales Promoter (M) 10 posts
3. Marketing Executive (M) 4 posts
4. Driver (M) 2 posts

တိုက်ခန်းရောင်းရန်

လမ်းမတော်၊ ဝါးတန်း (အောက်လမ်း) ၉/၁၀ HK နှစ်လွှာ၊ ကိုယ်ပိုင်မော်တာ၊ ရေ၊ မီး၊ ဖုန်း၊ ညှိနှိုင်းဈေး၊ ပွဲစားမလို။

ဖုန်း-၅၀၀၃၅၄။

သွားအံ့ကျော်
မှာ သွားစိုက်ပါ

ပစ္စည်းကောင်း၊ ဈေးနှုန်းသင့် တနင်္ဂနွေမှအပ နေ့စဉ် ၁း၀၀နာရီမှ ၆း၀၀နာရီထိ အမှတ်(၁၉၁)၊ ဗိုလ်ဆွန်ပက် (အလယ်)လမ်း၊ ပ-ထပ်၊ ဖုန်း-၂၈၂၀၂၀၊ ၂၉၅၆၈၀။

Ph: 373004

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်နေ ကျွန်မ၏သားဖြစ်သူ မောင်တိုးမြင့်အောင်[၁၂/သလန(နိုင်)၁၀၄၂၀၉] သည် ၎င်း၏ဆန္ဒအလျောက် ပြုမူ သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို(လုံးဝ) လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်ခင်ကျော့
[၁၂/သလန(နိုင်)၀၀၆၃၈၇]



အလယ်တန်းနှင့် အထက်တန်းအင်္ဂလိပ်စာ အထောက်အကူပြု Student's Companion စာစဥ်အမှတ်(၁) ထွက်ပါပြီ

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ၊ စာတည်းအဖွဲ့ကပြုစုသည့် အလယ်တန်းနှင့်အထက်တန်းစာသင်သားများအတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဥ်အမှတ်(၁) ထွက်ပါပြီ။

ရန်ကုန်မြို့၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် ဖြန့်ချိရေးဌာန အမှတ်-၂၂/၂၃၊ ကမ်းနားလမ်း၊ ဖုန်း-၂၉၇၀၉၃သို့ဖြစ်စေ၊ သတင်းစာကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါပြီ။

အလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ **စာရင်းကိုင်** (၁) ဦး
- B.Com, CPA ဖြစ်ရမည်။
- စာရင်းပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- Computerized Accounting ကိုလုပ်ငန်းတွင် ကျွမ်းကျင်စွာလက်တွေ့အသုံးချနိုင်သူဖြစ်ရမည်။
- Accounts Receivable, cash flow and Costing ကို ကျွမ်းကျင်စွာတွက်ချက်နိုင်သူဖြစ်ပြီး၊ လုပ်ငန်းတစ်ခုလုံး၏ စာရင်းပိုင်းဆိုင်ရာ တာဝန်များကို သွက်လက်စွာဦးဆောင်နိုင်သူဖြစ်ရမည်။
- အသက်(၂၈-၃၅)နှစ်အတွင်းဖြစ်ရမည်။

၂။ **လက်ထောက်စာရင်းကိုင်** (၂) ဦး
- B.Com, LCCI III ဖြစ်ရမည်။
- စာရင်းပိုင်းဆိုင်ရာလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။
- Computerized Accounting ကိုလုပ်ငန်းတွင် ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်သူဖြစ်ရမည်။
- Stock, General ledgerမှ အစမ်းရှင်းတမ်းအထိ တာဝန်ယူပြီး Control လုပ်နိုင်ရမည်။
- အသက်(၂၈-၃၅)နှစ်အတွင်းနှင့် လုပ်ငန်းကို သွက်လက်စွာဦးဆောင်နိုင်သူဖြစ်ရမည်။

၃။ **ငွေစာရင်းကိုင်** (၁) ဦး
- Any Graduate (LCCI III)
- လုပ်သက်အနည်းဆုံး(၂)နှစ်ရှိပြီး ငွေစာရင်းကို ကျွမ်းကျင်စွာတာဝန်ယူနိုင်သူဖြစ်ရမည်။
- အသက်(၂၈-၃၁)နှစ်အတွင်းဖြစ်ရမည်။

၄။ **ဂိုဒေါင်မှူး** ကျား(၂) ဦး
- ဘွဲ့ရ(သို့)ပညာအရည်အချင်းအနည်းဆုံး (၁၀)တန်းအောင်ဖြစ်ရမည်။
- ဂိုဒေါင်နှင့်စာရင်းလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။
- အသက်(၃၀-၃၅)နှစ်အတွင်းဖြစ်ရမည်။
- မင်္ဂလာဒုံစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အထက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ-

အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ မျှော်မှန်းလစာနှင့်တကွ မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်၊ အမှတ်(၃၃)၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်သို့ ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခံရသော လျှောက်လွှာများကိုသာ ပဏာမလူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ တင်ထားသည့်လျှောက်လွှာများအားလုံးကို ပြန်ပေးမည်မဟုတ်ပါ။

(တယ်လီဖုန်းဖြင့်မေးမြန်းခြင်းကိုသည်းခံပါ။)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

ရန်ကုန်မြို့လယ်၊ လူစည်ကားနေရာ၊ ပန်းဘဲတန်းမြို့နယ်၊ ၂၉-လမ်း (အလယ်)၊ တော်ဝင်မြန်မာတိုက်ခန်းသစ်၊ ပဥ္စမထပ်၊ ဝရန်တာ၊ (အရှေ့လှည့်)၊ အနေအထားအကောင်းဆုံးအခန်း (၃၀ပေ x၅၀ပေ)၊ ဧည့်ခန်း၊ အိပ်ခန်း(၃)ခန်း (ရေချိုးခန်း၊ အိမ်သာတွဲလျက်)၊ ရေချိုးခန်း(၂)ခန်း၊ (ရေပူရေအေးပေးစက်အပါအဝင်)၊ အဲယားကွန်း၊ Satellite၊ တီဗွီ၊ ရေခဲသေတ္တာ၊ ပရိဘောဂအပြည့်အစုံ၊ ကိုယ်ပိုင်မီတာ၊ ရေမော်တာ(Pressure Pump အပါအဝင်)၊ ကြမ်းခင်းလျှာထိုး အပြည့်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ လူနေထိုင်ရန်အသင့်၊ အရှုပ်အရှင်းကင်း၊ ပိုင်ရှင်အမည်ပေါက်၊ ဦးရာလူအား ရောင်းချပေးမည်။

ဆက်သွယ်ရန် မန္တလေး-၀၉-၆၉၇၁၀၉၂။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ရာဘာဖိနပ်စက်ရုံအတွက်

၁။ **Factory Manager Operation Manager** ဘွဲ့ရ(၄)ဦး
ထုတ်လုပ်မှုအဆင့်ဆင့်ကျွမ်းကျင်သူ၊ စေ့စပ်သေချာသူ

၂။ **Mechanic A.G.T.I ဆင်း (Plastic & Rubber)** (၁၀)ဦး
(Rubber ပေါင်းစပ်၊ Roller, Mixer)စက်ပြင်ကျွမ်းကျင်သူ

၃။ **Operator (Generator & Boile)** (၄)ဦး
အတွေ့အကြုံရှိသူ

၄။ **Accountant** ဘွဲ့ရ(၅)ဦး
လုပ်ငန်းအတွေ့အကြုံရှိသူ

၅။ **Admin Assistant** ဘွဲ့ရ(၂)ဦး
ရုံးလုပ်ငန်း ကွန်ပျူတာကျွမ်းကျင်ရမည်။

၆။ **ကုန်ပစ္စည်းစိစစ်ကြီးကြပ်သူ** ဘွဲ့ရ(၂)ဦး

လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ **လျှောက်လွှာလက်ခံမည့်လိပ်စာ**

Everest W International Co.,Ltd.

အမှတ်(၉၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

AA Electronics Ltd. (Sole Distributor of Samsung Electronics)

၁။ **Chief Accountant** ၁ဦး (ကျား/မ)
- C.P.A အနည်းဆုံးလုပ်သက်(၃)နှစ်
- B.Com အနည်းဆုံးလုပ်သက်(၁၀)နှစ်နှင့် Chief Accountant တာဝန်ထမ်းဆောင်ဖူးသူ
- Computerized Accounting ကျွမ်းကျင်ရမည်။

၂။ **Accountant (B.Com, LCCI Level III)** ၂ဦး (မ)

၃။ **Technician** ၅ဦး (ကျား/မ)
- B.E (EC/EP)
- A.G.T.I (EC/EP)
- B.Sc (Physics)အောင်မြင်ပြီးသူဖြစ်ရမည်။

လျှောက်လွှာတွင်ကိုယ်ရေးရာဇဝင် (CV)၊ဖုန်းနံပါတ်၊အကျင့်စာရိတ္တ ထောက်ခံစာ (ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည် အချင်းထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်အတူ အမှတ်-၄၀၈/၄၁၀၊ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plazaသို့ ကြော်ငြာပါသည့် နေ့မှစ၍ တစ်ပတ်အတွင်းလျှောက်ထားနိုင်ပါသည်။

MIT MPEC
Myanmar Professional Education Center

MPEC မှအောက်ပါသင်တန်းများကိုဖွင့်လှစ်တော့မည်။

⇨Web-based Java Programming Course
Date & Time : 7:30 to 9:30 Am (Tue &Thurs)

⇨Web Application Development (level 1)
Date & Time : 3:00 to 5:00 Pm (Mon,Wed,Fri)

⇨Web Application Development (level 2)
Date & Time:5:00 to 7:00 Pm (Sat & Sun)

⇨System & Database Administrator
Date & Time : 5:00 to 7:00 Pm (Mon,Wed,Fri)

⇨Graphic Design Course
Date & Time :12:00 to 3:00 Pm (Sat & Sun)

⇨Window Basic Course
Date & Time : 10:00 to 12:00 Pm (Tue&Thurs)

ဆက်သွယ်ရန်-
Myanmar Professional Education Center
အခန်း-၁၊ ပဒုမ္မာကွင်း၊ ဗားကရာလမ်း၊ စမ်းချောင်း။
Ph: 502801, 505278, 539151, 668779,668259

ရန်ကုန်တိုင်းစာရင်းရုံး
ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဖွင့်လှစ်မည့်
အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ်(၂၁)တက်ရောက်ရန်
လျှောက်လွှာများခေါ်ယူခြင်း
Basic Accounting Course
[For 2004 October Exam;]

၁။ **သင်တန်းဖွင့်မည့်ရက်**- (၂-၈-၂၀၀၄)
၂။ **သင်တန်းဖွင့်လှစ်မည့်နေရာ**-ရန်ကုန်တိုင်းစာရင်းရုံး အမှတ်-၂၂/၃၄ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။
၃။ **သင်တန်းချိန်**- တန်းခွဲ(၁)နှင့်(၂) တနင်္လာနေ့မှ သောကြာနေ့အထိ (ရုံးချိန်ပြင်ပ) တန်းခွဲ(၃)နှင့်(၄)စနေ၊ တနင်္ဂနွေနေ့
၄။ **သင်တန်းကာလ** -(၃)လ
၅။ **အနိမ့်ဆုံးပညာအရည်အချင်း** -အခြေခံပညာအထက်တန်း(က)အဆင့်အောင် တက္ကသိုလ်ဝင်တန်းအောင်
၆။ **လက်ခံမည့်သင်တန်းသား/သူဦးရေ**-တန်းခွဲ (၁) ခု (၅၇)ဦးစီ
၇။ **လျှောက်လွှာစတင်ရောင်းချမည့်ရက်**-(၉-၇-၂၀၀၄)
၈။ **ဆက်သွယ်စုံစမ်းရန်**-ရန်ကုန်တိုင်းစာရင်းရုံး၊ စီမံရေးရာဌာန ဖုန်း-၂၇၁၆၉၇၊ ၂၇၁၅၉၄

သိန်းထွန်း
တိုင်းစာရင်းစစ်အရာရှိ။

Golden Hope Int'l Ltd.

SHINE AC.DC

FAME
DYSENZI®
ဝမ်းကိုက်ပျောက်ဆေး

MCC ကွန်ပျူတာအခြေခံသင်တန်း
Course Content
+ Computer Technology
+ Introduction to Internet
+ Logic Building
+ Visual Basic Programming
+ Microsoft Office Application
- Microsoft Word
- Microsoft Excel
- Microsoft Power Point
Software Engineering, Network Engineering, Web Developer Courses
MCC
ICT

GRACE TRAINING AND SERVICE CENTRE
PROFESSIONAL
26.7.2004 11:00 1:00
707956

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၁၄၅)၊ ပထမထပ် ဝဲဘက်ခန်း အကျယ်အဝန်း၁၂ ½ပေx၄၀ပေ အကျယ်အဝန်းရှိ တိုက်ခန်းမှာ အဟင်း(ခ)အန်းကူး[၁၂/လသန(နိုင်)၀၁၀၉၅၇]ကိုင်ဆောင်သူနှင့် ဦးစန်းဌေး[၁၂/လသန(နိုင်)၀၀၉၃၇၆] ကိုင်ဆောင်သူ ညီအစ်ကိုနှစ်ဦးပိုင်ဆိုင်သော အခန်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အထက်ပါအခန်းအား ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်း ယူဆောင်လာပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်း
တရားရုံးချုပ်ရှေ့နေ
ရုံးခန်းအမှတ်(အေ-၁၇)၊ အမှတ်(၅၀)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ROYAL ARROW
CAR RENTAL
211485, 212193

ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၁၇၃/၁၇၄ဟုခေါ်တွင်သော ကန်ထရိုက်တိုက်နှင့် စပ်လျဉ်း၍ မြေရှင်ဦးအုန်းကျော်၊ ဒေါ်မြမြသန်း၊ ကန်ထရိုက်တာ ဦးတင်စိုး(စိုးဘရားသားဆောက်လုပ်ရေး)နှင့်

အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါဆရာစံလမ်းအမှတ်-၁၇၃/၁၇၄ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်တိုက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး(၁၁)ရုံးတော်၌ တရားမကြီးမှုအမှတ်(၅၂၃/၂၀၀၃)တွင် တရားလို ဦးဝင်းဌေးမှ တိုက်ခန်းများလက်ရောက်ရလိုမှုစွဲဆိုထားပါသည်။ ၂၈-၆-၂၀၀၄နေ့တွင် ရုံးတော်မှ အဆိုပါကန်ထရိုက်တိုက်၏ မြေညီထပ်နှင့် ပထမထပ်(ဝဲ)အခန်း(၂)ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း၊ လွှဲပြောင်းခြင်းမပြုရန် ယာယီတားဝရမ်းထုတ်ဆင့်ထားကြောင်း အများသိစေရန် ကြေညာပါသည်။

ဦးဝင်းဌေး၏ညွှန်ကြားချက်အရ-
ဦးတင်ထွင်ရ H.G.P.,LL.B (Advocate)
တရားရုံးချုပ်ရှေ့နေ (၅၇၆၀/၉၁)
၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၅၂၉၂။

ဒေါ်ထူးသက်
(အဖွားသက်) ပုလော
အသက်(၈၇)နှစ်

ပုလောမြို့၊ ကမ်းနားလမ်းနေ (ဦးဘိုးဝေ-ဒေါ်အေးခို)တို့၏သမီး၊ ရန်ကုန်မြို့၊ တောင်လုံးပြန်ရပ်ကွက်၊ ခမ်းမဆောင်လမ်း၊ အမှတ်(၁၄)နေ (ဒေါ်ထူးမြ)၏ညီမ၊ (ဦးဂျင်မီ)၏ဇနီး၊ (ဦးလှဖေ)-ဒေါ်မြသန်း၊ (ကိုကျော်ဝင်း)-ဒေါ်ခင်ခင်ဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါ်ယုယုဝေ (အထလ၊ ကန်ဘဲ့၊ တွံတေး)၊ ဒေါ်အေးနီတို့၏အဒေါ်၊ ကိုဝင်းသိန်း-ဒေါ်လွင်လွင်ကြည်၊ ကိုကိုလွင်-မယဉ်ယဉ်မွန် (ခေတ္တ-U.S.A)၊ ကိုသက်စိုး-မအေးအေးမာ၊ ကိုတင်မျိုးဇော်-မလှကေသီ(ခေတ္တ-U.S.A)၊ (မောင်နေမျိုး)၊ မောင်နေစိုး၊ မောင်ဝင်းကိုကိုမောင်၊ မခိုင်ဇာဝင်းနှင့် မြစ်ကိုးယောက်တို့၏အဘွားသည် ၁၀-၇-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစောနွဲ့(ခ)ဆရာစော
အသက်(၆၄)နှစ်
(ဟသ်ာတ)
၁၉၅၇-
နတ်မောက်ကျောင်းသားဟောင်း၊
ကုန်သွယ်ရေး၊ ယာဉ်စက်ပြင်ဌာန
(အငြိမ်းစား)

ရန်ကုန်မြို့၊ အမှတ်(၁၀)ထီးတန်းစက်မြေ(၄)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးတင်သန်း)-ဒေါ်အေးကြည်တို့၏သား၊ ဒေါ်သန်းရွှေ၏ခင်ပွန်း၊ ဦးစိန်ဝင်း (MFTB၊ ငြိမ်း)-ဒေါ်သန်းသန်းဌေး၊ ဦးသိန်းဝင်း- ဒေါ်သန်းသန်းအေး (မီးရထား၊ ငြိမ်း)၊ဦးမြင့်ဇော်(အင်/ယာ(စ)လျှပ်စစ်၊ လျှပ်စစ်အလုပ်ရုံ)-ဒေါ်ဌေးကြည်တို့၏အစ်ကိုကြီး၊ ဦးဝင်းနိုင် (Summit Park View Hotel)-ဒေါ်ပြုံးပြုံးဦးတို့၏ဖခင်၊ မောင်ဇင်မင်းနိုင်၊ မောင်အာကာဖြိုး၊ မဖူးသဉ္ဇာခိုင် (အထက-၆၊ အလုံ)တို့၏ချစ်လှစွာသောအဘိုးသည် ၁၀-၇-၂၀၀၄ (စနေနေ့) နံနက် ၁း၁၅နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ငှားမည်

ရွှေပြည်သာ စက်မှုဇုန်(၁) 80x 100၊ 20x40 Office ပါ ၊ ဖုန်း+ ပါဝါမီတာပါ။

ဖုန်း-၂၂၄၆၃၁၊ ၂၂၄၆၅၅။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးအုံးကြိုင်(ခ)အိုမ္မာအလီ
အသက်(၉၃)နှစ်
ယစ်မျိုးမှူး(ငြိမ်း)
(ပေါင်၊ သထုံ)

မွန်ပြည်နယ်၊ ပေါင်မြို့၊ ဘုရားကြီးလမ်းနေ(ရှေ့နေကြီးဦးသိန်းမောင်-ဒေါ်ငယ်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၇(က)စွန်းလွန်းဂူကျောင်းလမ်း၊ ဘောက်ထော်နေ(ဒေါ်မေပု)၏ခင်ပွန်း၊ ဦးကိုလေး(C/E)-ဒေါ်ယဉ်ယဉ်တို့၏ ဖခင်၊ မမီမီကို-မောင်ငြိမ်းချမ်းမင်း၊ မောင်အေးကိုကိုတို့၏အစ်ဘိုး၊ မောင်စွမ်းထက်ငြိမ်းချမ်း၏ဘိုးဘိုးကြီးသည် ၉-၇-၂၀၀၄ရက်တွင် အလ္လာရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲဂျွန်မာအပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှတင် အသက်(၇၀)
(သပြေတောင်း)

ကိုနေမျိုးဝင်းအောင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏မိခင်ဖြစ်သူ ဒေါ်လှတင်သည် ၄-၇-၂၀၀၄ (တနင်္ဂနွေ)နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Dip in Japanese (Y.U.F.L)
2002-Batch မှ သူငယ်ချင်းများ
ကိုစိုးလွင်ဦး၊ ကျော်ကျော်ဦး၊ ရဲမြင့်အောင်၊ ဖြူပြာသစ္စာ၊
နော်စိုးယုလှိုင်၊ ခိုင်ကျော့ကျော့လင်း။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့နေ ဦးတင်အောင် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ငြိမ်း)၏ဇနီး ဒေါ်လှတင် အသက်(၇၀)သည် ၄-၇-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဟာဂျီဦးညွန့်ဖေ၊ ဟာဂျီမဒေါ်ခင်လှမြင့်
ဒူးယားမုန့်တိုက်၊ တောင်ကြီးမြို့၊
အင်ကြင်း COFFEE HOUSE ရန်ကုန်မြို့မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

Deputy Managing Director
MYANMAR AUTOMOBILE GROUP CO., LTD. (MAG)
UNITED COMMERCIAL GROUP CO., LTD. (UCG)

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်လှတင် အသက်(၇၀)(သပြေတောင်း)

ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှတင် နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကြပ်မတ်စောင့်ရှောက်ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ မိခင်ကြီး၏နောက်ဆုံးခရီးအတွက် အစစအရာရာ ကူညီလိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွမ်းသူ့ပန်းခွေများ၊ပန်းခြင်းများပေးပို့ခြင်း၊ မိသားစုနှင့်အတူဝမ်းနည်းကြေကွဲကြောင်း ဖော်ပြခြင်းပြုခဲ့ကြသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ သံဝေဂမွေ့လက်ာများဖြင့် ရွတ်ဖတ်ပူဇော်ပေးကြသော ကျိုက်ဝိုင်းသာသနာ့ဒယ(ပြည်)သီလရှင်ပရိယတ္တိစာသင်တိုက်မှ သီလရှင်များ၊ ကြည့်မြင်တိုင်မြို့နယ်ပဒင်းတန်းအာရုံတော်ဝတ်အသင်းသူ/သားများကိုလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းနှစ်သိမ့်အားပေးကြသောရပ်နီး၊ ရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဇော်ဝင်း(ခ)ကိုဖိုးဇော်
အသက်(၄၃)နှစ်
(စက်ပြင်ဆရာ)
(မြိတ်/ဗဟန်း)

မြိတ်မြို့၊ ရဲသိပ္ပံလမ်း၊ ကန်ဖျားရပ်နေ (ဦးရှင်ကျိုင်)-ဒေါ်အုန်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၁) ဗဟန်း(၃)လမ်းနေ ဦးစိုးလှိုင် (ယာဉ်/စက်၊ ငြိမ်း)-ဒေါ်တင်အေး(ခ)ဒေါ်နီတို့၏သားသမက်၊မေသန္တာဦး(သတ္တဗေဒ) တတိယနှစ်၊ မောင်သူရိန်(စတုတ္ထတန်း-A၊ အမက-၁၊ဗဟန်း)တို့၏ဖခင်၊ ဒေါ်သန်းသန်းစိုး၏ခင်ပွန်းသည် ၁၀-၇-၂၀၀၄ရက် (စနေနေ့)နံနက် ၁၂း၁၅နာရီအချိန်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးသိန်းနိုင်(ခ)အနိုင်
အသက်(၄၂)နှစ်
(ဘိုကလေး)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၆၁)၊ ၁၂၄လမ်းနေ (ဦးစိုးရှင်)-ဒေါ်စန္ဒာမြင့်တို့၏သားထွေး၊ ဒေါ်ခင်မေဦး၏ချစ်လှစွာသောခင်ပွန်း၊ မဇင်ဇင်(ခ)မစပယ် (G.T.C Civil ၊ 1st year)၊မောင်အောင်သူ(အထက-၁၊ ဘိုကလေး၊ ဒသမတန်း)၊ မစန္ဒာအောင် (အလက-၂၊ ဘိုကလေး၊ ဆဋ္ဌမတန်း)တို့၏ချစ်လှစွာသော မွေးသဖခင်၊ ဒေါ်ခင်ညိုညို၊ ဒေါ်မြမြစိန်၊ ဒေါ်ပို့ပို့တို့၏မောင်၊ ဦးအောင်သိန်းစိုး-ဒေါ်ခင်နှင်းဆီတို့၏ညီ၊ ဒေါ်ရှမ်းမ၏အစ်ကိုသည် ၁၀-၇-၂၀၀၄နေ့တွင် ရန်ကုန်မြို့နှလုံးအထူးကုဆေးရုံကြီးတွင် နံနက် ၆နာရီ၁၅မိနစ်၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အေး
အသက်(၆၂)နှစ်
(လယ်စိုက်ရှင်း၊ ငြိမ်း)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွဲလမ်း၊ အမှတ်(၄၃)နေ (ဦးလှကျော်-ဒေါ်ညိုမ)တို့၏သမီး၊ ကျိုက်ထိုမြို့နေ (ဦးပိထောင်)-ဒေါ်မြတင်တို့၏သမီးချွေးမ၊ ဒု-ဗိုလ်မှူးကြီး မောင်မောင်စိန်(ငြိမ်း)၊ ဒု/အထွေထွေမန်နေဂျာ (M.B.L)-ဒေါ်မြမြသိန်း (ကျောင်းအုပ်ဆရာမကြီး၊အထက-၄၊ ဗိုလ်တထောင်)၊ ဦးလှဦး(ငြိမ်း၊ မြန်မာ့မီးရထား)-(ဒေါ်မြသန်း) (ကျောင်းဆရာမ)တို့၏ညီမ၊ ဦးလှမြင့်(ငြိမ်း၊ ဘူမိဗေဒအရာရှိ၊ ဘစရ)-ဒေါ်လှလှမေ(သိမ်ကြီးဈေး Bရုံ)တို့၏အစ်မ၊ ဦးခင်မောင်မြင့်၏ဇနီး၊ ဦးကံညွန့်မောင် (First Top Co.,Ltd.) -ဒေါ်သူဇာတင်၊ မောင်မင်းမောင်တို့၏ ချစ်လှစွာသောမိခင်၊ မစိုးယုနှင်း၏ အဘွားသည် အထက်ပါနေအိမ်၌ ၁၀-၇-၂၀၀၄နေ့ နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဒေါက်တာငွေးအောင်(ခ)ဆန်နီ (သန်လျင်မြို့) ၆-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

82-91 Batch BVS ဘွဲ့ရ သူငယ်ချင်းများ။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်လှလေး (၆၉)နှစ်

(တောပု-မုံရွာ/နှင်းဆီကုန်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်(၁)လမ်း၊ အမှတ်(၅၀)နေ (ဦးကံမင်း-ဒေါ်ရွှဲ)တို့၏ သမီး၊ (ဦးတင်)၏ဇနီး၊ ဦးမြင့်ရွှေ-ဒေါ်ခင်ဝင်း၊ ဦးညွန့်ဆွေ-ဒေါ်နီလာဆွေ၊ ဦးသန်းဆွေ-ဒေါ်သန်း သန်းမြင့်(ပါဝါအီလက်ထရောနစ်)၊ ဦးစိုးမြင့်နိုင်-ဒေါ်ခင်မမကြီးတို့၏ မွေးသမိခင်၊ မောင်မြတ်သူ၊ မအေးအေးမွန်၊မောင်နေဇော်၊မောင်နန္ဒ၊ မောင်စည်သူတို့၏ ချစ်လှစွာသောအဘွားသည် ၉-၇-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမေသန်းအိ (၄၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၈) ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၁၃၆)၊ မြေညီထပ်နေ ဦးချစ်ရွှေ-ဒေါ်ကျင်စိုတို့၏ သမီးကြီး၊ မြိတ်မြို့နေ (ဦးလှဆင်-ဒေါ်သိန်း)တို့၏ သမီးချွေးမ၊ ကိုမောင်ရွှင်၏ဇနီး၊ ကိုသန်းတင်-မသန်းသန်းနွဲ့တို့၏အစ်မသည် ၁၀-၇-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းဦး(ခ)ကိုဦး

အသက်(၄၀)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၁၉)၊ သရက်တော(၄)လမ်း အထက်နေ ဦးကျွဲ၏ သားကြီး၊ ဦးချိုတူး-ဒေါ်သန်းသန်းဝင်းတို့၏ သမက်၊ မတင်တင်မြ၊ မစိန်အေး၊ မခင်လှရီ(နယ်ပို့ငါးလုပ်ငန်း)တို့၏ မောင်၊ ကိုဝင်းမြင့်-မတင်မျိုးအေးတို့၏အစ်ကို၊ မချိုဇင်အေး၏ခင်ပွန်း၊ မောင်ကျော်ဇင်ဝင်း၏ ဖခင်သည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

မကက်သရင်းမီးမီး(၃၄)နှစ်

ခရိုင်စာရင်းရုံး(လှိုင်ကော်)

လှိုင်ကော်မြို့၊ နောင်ယား (ခ)ရပ်ကွက်၊အမှတ်(၁၈)နေ (ဦးဗျားရယ်-ဒေါ်စိန်ညွန့်)တို့၏သမီး၊ မောင်ရစ်ချက်ငွေးရယ်၊ မောင်ဖဲလမ်ရှားရယ်၊ မောင်ဗင်တာနဲနောင်တို့၏ ညီမ၊ မမာဂရက်၏ အစ်မသည် ၁၀-၇-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂-၇-၂၀၀၄ ရက်နံနက်တွင် ခရစ္စတူး ဘုရင် ဘုရားကျောင်းတော်ကြီး၌ဝတ်ပြုဆုတောင်းပြီး ဘာဒိုရစ်ယာန်သချိုင်းသို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်မင်းသော်တာ(၃၃)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၆ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၂၅၅)နေ (ဦးမင်းသိမ်း)-ဒေါ်ခင်မျိုးသိန်း တို့၏သား၊ ကိုမြတ်သွင်-မမျိုးမျိုးမင်းတို့၏ မောင်၊ ကိုကျော်စွာ-မခင်လပြည့်မင်းတို့၏ အစ်ကို၊ မောင်ရဲမင်းမြတ်၊ မချမ်းငြိမ်းသူတို့၏ဦးလေးသည် ၁၀-၇-၂၀၀၄ (စနေနေ့)တွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မအေးမြတ်ထွေး (၂၇)နှစ်

Final Year (Physics)

ရန်ကုန်တိုင်း၊မှော်ဘီမြို့နေ (ဦးကျော်)-ဒေါ်လှဒွန်း၊ကျိုက်ထိုမြို့နေ(ဦးဖာ ဝါး-ဒေါ်အေးရင်)တို့၏ မြေး၊ မရမ်းကုန်းမြို့နယ်၊(၁၀)ရပ်ကွက် ပါရမီလမ်းနေ ဗိုလ်ကြီးလှမြင့်-ဒေါ်ကျင် စန်းတို့၏ သမီးထွေး၊ ဒုတကအောင်နိုင် ဝင်း-မအေးအေးကျင်၊ မစန်းစန်းလွင်၊ မသန်းသန်းနွယ်တို့၏ ညီမ၊ မောင်အောင်သူထွန်း [ပထမတန်း၊ အထက(၅)မရမ်းကုန်း]၏ အဒေါ် မအေးမြတ်ထွေးသည် ၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၇-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ် ပါမည်။(နေ့ကလေးထိန်းကျောင်းဂိတ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ကျင်ဟုန် (၈၄)နှစ်

ပဲခူးတိုင်း၊ ဖြူးမြို့၊ အမှတ်(၇၃)၊ ပဲခူးလမ်းမြောက်ပိုင်းနေ (ဦးလေးကန်)၏ ဇနီး၊ ဦးအောင်ကြည်-ဒေါ်ရွှေဝ၊ ဦးတင်လှိုင်-ဒေါ်ရင်မော်၊ ဦးတင်ကြီး-ဒေါ်ခင်ရွှေ၊ ဦးတင်စိန်-ဒေါ်မြသီ၊ ဦးတင်အေး-ဒေါ်ကျင်ထွေး၊ မလှမြင့်၊ ကိုဟုတ်စိန်-မအေးအေးခိုင်၊ ကိုထိန်လင်း-မအေးအေးရီတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၄ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် အရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ရီ(၈၁)နှစ်

အမှတ်(၅၁၄)၊ အောင်ချမ်းသာ (၃)လမ်း၊ (၇၀)ရပ်ကွက်၊ တောင်ဒဂုံနေ (ဦးချမ်း-ဒေါ်ငတ်)တို့၏ သမီးကြီး၊ (ဦးလှအုန်း)၏ ဇနီး၊ ဦးမြင့်လွင်-ဒေါ်တင်၊ (ဦးမြင့်အောင်)၊ ဦးစံ-(ဒေါ်ငွေဇင်)၊ ဦးသန်းမြင့်-(ဒေါ်ငွေကြည်)၊ ဦးမြင့်ရွှေ-ဒေါ်သန်းချို၊ (ဦးစိန်ဝင်း-ဒေါ်ရင်)၊ ဦးငြိမ်းမောင်-ဒေါ်မြင့်မြင့်ကြည်၊ ဦးတင့်လွင်-ဒေါ်သိန်းသိန်းတို့၏ အစ်မကြီး၊ ဗိုလ်မှူးကြီးသိန်းဆွေ-ဒေါ်ခင်မာဦးတို့၏ မွေးမိခင်၊ ဦးတင်ဝင်း-ဒေါ်ခင်သန်းမြင့်၊ တူ၊ တူမ၄၃ယောက်တို့၏ကြီးကြီး၊ မြေး ၄၅ ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သက်ရှည် အသက်(၇၀)

ယခင်စက္ကူ-ဓာတ်ပုံ ကော်/ရှင်းကုန်တိုက်၊ (စမ်းချောင်း)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇)၊ စမ်းရေတွင်းလမ်းနေ (ဦးသာဒင်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်သာမှုံ)တို့၏ သမီးချွေးမ၊ (ဦးဘသန်း)၏ ဇနီး၊ (ဦးဇော်ဝင်း)၊ ဦးကြိုင်သင်း-ဒေါ်ကြည်လှတို့၏ အစ်မ၊ ဦးတိုးလွင်-ဒေါ်အေးအေးသိန်း၊ ဦးဖြိုးလွင်(Brave Martine Co.)-ဒေါ်မွန်မွန်သဲ၊ ဦးမြင့်ဦး(UNITEAM)-ဒေါ်စိုးစိုးသန်း၊ (ဦးမျိုးလွင်၊J.S.M SHIPPING Co.)-ဒေါ်ဆွေဇင်လတ်တို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးသန်းထွန်း(ခ)ဦးကီး

အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နေ (ဦးမောင်တင်-ဒေါ်ကြည်)တို့၏ သား၊ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ဆင်ဖြူကျွန်းကျေးရွာနေ(ဦးကုလား-ဒေါ်မူစော)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမောင်ဝင်း-ဒေါ်ခင်မြတို့၏ ညီ၊ ဦးနောက်တိုး - ဒေါ်ဥမ္မာထွန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၀၂)၊ သုတ(၃)လမ်း၊ (၄)ရပ်ကွက်နေ မဥမ္မာသန်း၊ မောင်ကျော်မင်းထွန်း-မဇာခြည်ဦး၊ မမေဖြိုးထွန်း၊ မောင်နိုင်မင်းထွန်းတို့၏ မွေးသဖခင်၊ ထွန်းအောင်ရှိုင်း၏အဘိုး၊ ဒေါ်ထားထား၏ခင်ပွန်းသည် ၁၀-၇-၂၀၀၄ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဘိုဘိုခိုင်အသက်(၃၀)

(ကော့သောင်း)

ကော့သောင်းမြို့၊ အမှတ်(၁၂၂)၊ မင်္ဂလာလမ်း၊ အဏ္ဏဝါရပ်နေ ဦးတင်ရီ-(ဒေါ်တင်ပို)တို့၏ သားငယ်၊ ဦးအေးကိုကို-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်အေးအေးရီ၊ ဦးသောင်းထွန်း-ဒေါ်လှလှအေး၊ ဦးဖုန်ဝေ-ဒေါ်ကျင်ရီ၊ ဦးမျိုးဝေ-ဒေါ်ရင်တင်၊ ဦးငွေလင်း-ဒေါ်တင်သီတာဆွေ၊ ဦးမင်းဝေ-ဒေါ်မြညွန့်၊ မောင်ဇော်ထွန်း-မခင်ဝင်း၊ မောင်တိုးတိုးခိုင်-မဝင်းလီလီမောင်တို့၏ညီ/မောင်၊မောင်ကိုကိုညီ၏အစ်ကို၊ ဒေါ်စန္ဒာလှိုင်၏ ခင်ပွန်း၊ နှင်းဖြူ ဖြူအေး၊ ခိုင်ဖြူဖြူထက်တို့၏ဖခင်သည် ၉-၇-၂၀၀၄ရက်တွင် ကော့သောင်းမြို့၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်းဒါယကာကြီး

ဦးသိန်း(ဦးချက်ကြီး)

အသက်(၇၂)နှစ်

MT ဒန်သတ္တုလုပ်ငန်း၊ (သပြု)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးစိုးညွန့်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးဖဲဝါ-ဒေါ်စိမ်းမြ)တို့၏ သားသမက်၊ လှိုင်သာယာစက်မှုဇုန်၊ အမှတ်(၅)၊ (၁၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ်(၅၁၅)နေ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဦးသိန်းမြင့်(S.R.S Co., Ltd.) - ဒေါ်စမ်းစမ်းမာ၊ ဒေါ်သန်းသန်းနွယ်၊ ဦးမြင့်လှိုင်(MTဒန်သတ္တုလုပ်ငန်း)-ဒေါ်လှလှအေး၊ (ဦးထွန်းလှ)၊ ဦးကျော်သူရ-မတင်တင်ရီတို့၏ ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၀-၇-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမောင်ဦး(ငြိမ်း)

အသက်(၅၀)

ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးဌာနမှူး(လဝက)၊ (တောင်ငူ)

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ ဗိုလ်ဝါးကုန်းရွာနေ ဦးစောကြွယ်-ဒေါ်မယ်ဆုံတို့၏သား၊ ဦးစောပို၏တူ၊ တောင်ငူမြို့၊ (၁)ရပ်ကွက်၊ ထီးလှိုင်လမ်းနေ ဒေါ်ခင်ပြုံးမြင့် (M.W) (ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်လောင်းမောင်စောကျော်လင်း(ပ-နှစ်၊ စစ်တက္ကသိုလ်)၊ မအေးကူကူကျော်(သတ္တမတန်း၊ လေ့ကျင့်ရေး၊ အလက)၊ မောင်ပိုင်စောအောင်(တတိယတန်း၊ လေ့ကျင့်ရေး၊ အလက)တို့၏ မွေးသဖခင်သည် ၁၁-၇-၂၀၀၄ရက် နံနက်၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်တောင်ငူမြို့၊ (၁)ရပ်ကွက်နေအိမ်မှ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မအေးမြင့်မြတ်မောင် (၁၂)နှစ်

ဆဋ္ဌမတန်း (ရန်ကင်း၊ TTC)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈၅၀)၊ ဗြဟ္မစိုရ်လမ်း၊ (၄)ရပ်ကွက်နေ ဦးဘအုန်း-ဒေါ်စောမြိုင်၊ မန္တလေးမြို့နေ (ဦးစံတင်)-ဒေါ်အုံးကြည်တို့၏ မြေး၊ ဗိုလ်မှူးကြီးဝင်းမောင်-ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသော သမီးထွေး၊ ဦးသန်းကြည်-ဒေါ်နုနုစိန်၊ ဦးဆန်းအောင်-ဒေါ်စန်းစန်းနွယ်၊ ဦးကိုကြီး-ဒေါ်အုံးကြင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမောင်မောင်လေး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်အေးအေးသိန်းတို့၏ တူမ၊ မောင်ရဲသူရဝင်း၊ မမေမြင့်မြတ်မောင် (အထက-၂၊ ဗဟန်း)တို့၏ ချစ်လှစွာသောညီမ မအေးမြင့်မြတ်မောင်သည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး

ဒေါ်စောရွှေ (၈၄)နှစ်

ရန်ကုန်မြို့၊အမှတ်(၁၆)၊ဓမ္မပါလလမ်း၊ ဆရာစံမ/နဝဗဟန်းမြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်စိန်ခင်)တို့၏သမီး၊ (ဦးရွှေ)၏ဇနီး၊ဦးသာသန၏ မယ်တော်၊ ဦးသိန်းကျော်-ဒေါ်အေးသန်း၊ ဦးသိန်းဝင်း (ရုံးအဖွဲ့မှူး၊ ဆိပ်ကမ်း စွမ်းအားပြည့်ကော်မတီရုံး)-ဒေါ်မြင့်မြင့်ငွေ၊ ဦးမောင်မောင်လေး၊ ဦးစန်းမြင့်(မိုး/ဇလ)-ဒေါ်ဥမ္မာ၊ ဒေါ်ရီရီဝင်း၊ ဦးမောင်မောင်စိုး (Great Paper) - ဒေါ်ခင်ထွေးရီ (အမက-၂၀၊ မ/ဥက္ကလာပ)တို့၏ မိခင်သည်၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နန်းယုံ (၇၃)နှစ်

(ကျိုင်းတုံ)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်(အောက်လမ်း)၊ အမှတ်(၇၉)နေ (ဒုတိယဗိုလ်မှူးကြီးလှမြင့်၊ ငြိမ်း)၏ ဇနီး၊ ကျိုင်းတုံမြို့နေ ဦးစိုင်းသောင်း၊ ဒေါ်နန်းနွဲ့တို့၏ အစ်မ၊ ဦးအောင်မြင့်ဦး-မစန်းရီ၊ (ဦးတော်မီ)-ဒေါ်မာလာမြင့်၊ ဦးဝင်းဇော်မြင့်၊ ဦးချမ်းနိုင်-ဒေါ်သီတာမြင့် (MOGE)၊ ဒေါ်နီလာမြင့်(အထက-၁၊ ပန်းဘဲတန်း)၊ ဦးရဲဇော်မြင့်၊ ဦးသန်းဆွေ-မစန္ဒာမြင့်တို့၏ မိခင်၊ မယမင်းသူ၊ မဇင်မိုးသူ၊ မနှင်းရည်ဦး၊ မအေးသူသူကို၊ မောင်ဖြိုးသုတအောင်၊ မအိသဉ္ဇာမော်တို့၏အဘွားသည် ၁၀-၇-၂၀၀၄ ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်း(၅၅)နှစ်

(မြို့မအမျိုးသမီးကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၅၂)နေ (ဦးအောင်ခင်- ဒေါ်လှတင်) (တကောင်ဘွား စက်မှုလက်မှုလုပ်ငန်း)၏ သမီးကြီး၊ အမှတ် (၁၄၆/၄၅)လမ်းနေ ဦးချို (ငြိမ်း၊စက္ကူဓာတ်ပုံ၊နယ်စပ်ကုန်သွယ်ရေး)၏ဇနီး၊ ဦးကျော်-(ဒေါ်ခင်စန်း)၏ညီမ၊ ဒေါ်သန်းသန်းကြည်(ပါမောက္ခကုန်ထုတ်ဓာတုဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးစန်းတင်-ဒေါ်သန်းကြည်တို့၏ အစ်မ၊ မောင်အောင်ချိုဦး၊ မတင့်တင့်၊ မောင်တင်မောင်ချို(ပ-နှစ်၊စီးပွား/စီမံ)တို့၏ မိခင်သည် ၁၀-၇-၂၀၀၄ရက်တွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါဆေးရုံသစ်ကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဝမ်းခိုထောင်

(Pa Vum Kho Thawng-Thingunau)

အသက် (၇၇)နှစ်

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကြို့သုံးပင်(ဆီးယင်း)ရွာနေ (Pu Pau Zam-Pi Khai Cingh- (Pi Thang Huai)တို့၏သား၊ (Nu Thian Dim)၏ ခင်ပွန်း၊ တာဟန်းရွာနေ (Nu Hau Za Cing-Pa Thuam Zam)၊ ကြို့သုံးပင်ရွာနေ(Revd. Thang Kho Khai)(ဗိုလ်ကြီး၊ ငြိမ်း)- Nu Cingh Za Neamတို့၏ညီ/မောင်၊ တောင်ကြီးမြို့နယ်၊ အင်းလေးနေ Pa Lam Za Cin (ခ)ဦးတင်ရွှေ-ဒေါ်သန်းကြည်တို့၏ အစ်ကို၊ Vum Do Nang- Ngiak Za Niang၊ Hau Thian Pau (B.Th)(တာချီလိတ်)၊ Pr. Esther Cingh Niang (B.Th) (ဆီးယင်းနှစ်ခြင်းအသင်းတော်၊ ကြို့သုံးပင်)၊ Cingh Za Ciang(သူနာပြု၊ အကယ်ဒမီအထူးကုဆေးခန်း၊ ရန်ကုန်မြို့) Cing Pum Dim-Ngin Thian Mang၊ Huai Cing၊ Thang Tun၊ Khai Kim တို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး Pa Vum Kho Thawng (ယခင်၊ ဆေးတပ်ကြပ်၊ တပ်မတော်-ရေ) သည် ကြို့သုံးပင်ရွာနေအိမ်၌ ၁၀-၇-၂၀၀၄ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂-၇-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး ကြို့သုံးပင်ရွာ ခရစ်ယာန် သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းထွန်း(၄၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀၈)၊ (၁၂၃)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဗိုလ်ကြီးသိန်းညွန့်-ဒေါ်တင်တင်အေး)တို့၏သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကြည်တော်ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အိမ်အမှတ်(၂၅)နေ ဦးမောင်မောင်ဘို (အငြိမ်းစားညွှန်ချုပ်၊ စီမံကိန်းစာရင်းအင်းဦးစီးဌာန၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန)-ဒေါ်ခင်ခင်လေးတို့၏သားသမက်၊ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၄၃)နေ ဒေါ်ကျင်မွေး၊ ဒေါ်လုံးကျင်တို့၏ တူ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၃)လမ်း၊ အမှတ်(၁၀၃)နေ ဒုတိယဗိုလ်မှူးကြီး အောင်ကြီး-ဒေါ်နိုင်နိုင်လတ်၊ ဗိုလ်မှူး တင်မောင်နီ - ဒေါ်ဥမ္မာနန်းနွေတို့၏ အစ်ကို၊ မယမင်းအောင်ကြီး၊ မဇွန်ပွင့်တင်မောင်နီ၊ မချောရူပါအောင်ကြီး၊ မအင်ကြင်းတင်မောင်နီတို့၏ ဘကြီး၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ်(၄၉)နေ ဒေါ်ခင်မမ၏ခင်ပွန်းသည်၁၀-၇-၂၀၀၄ရက်တွင် သျှင်ပါကူ အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၄၉)၊ မြောင်းကြီးလမ်း နေအိမ်နှင့်၊ အမှတ်(၁၀၃)၊ (၁၂၃)လမ်း နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်သန်းစိန် အသက်(၉၀)

(B.A.,DT)

အငြိမ်းစားကျောင်းဆရာမကြီး

(စစ်ကိုင်း)

ရန်ကုန်မြို့၊အမှတ်(၄၉)၊ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်နေ (ဦးမှိန်ကြူ-ဒေါ်မိမိ)တို့၏သမီး၊(ဦးလှမောင်)၏ဇနီး၊ ဦးထွန်းဦး-Dr.ဒေါ်တင်နွယ်ဦး၊ ဦးတင်အောင်ဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ Dr.ငွေးဝင်း-Dr.တင်နွယ်အေး၊ Dr.တင်အောင်လင်း-ဒေါ်သင်းသင်းဝါ၊ (ဦးထွန်းခိုင်လင်း)၊ ဦးထွန်းကြိုင်လင်း၊ ဦးကျော်နိုင်လင်း၊ Dr.သဲမြတ်သွင်၊ ကိုနန္ဒသွင်၊ မသက်ဝေလင်းနှင့် မစုထွေးသွင်တို့၏အဘွား၊ ကျော့တင်ဇာ၊ သက်နွယ်ဦး၊ ပြည့်ဖြိုးမောင်၊ အေးစုတင်ဇာ၊ အေးအိန္ဒြာလင်းတို့၏ဘွားဘွားကြီးသည် ၁၁-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှမြင့် (၈၃)နှစ်

အကြီးတန်းစာတ်ပုံသတင်းထောက်(ငြိမ်း)

(ယခင်လုပ်သားပြည်သူ့နေ့စဉ်)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅) ရပ်ကွက်၊ ဘောက်ထော်၊ စာရေးတန်းလမ်း၊ အမှတ်(၁၅)နေ (ဦးအေးကြည်-ဒေါ်ထားခင်)တို့၏ သားကြီး၊ ဝဏ္ဏကျော်ထင်(ဦးစိုးမင်း၊ဒု-အတွင်းဝန်၊ငြိမ်း၊ယခင်လယ်ယာနှင့် သစ်တောဝန်ကြီးဌာန)-ဒေါ်ရိန်တို့၏သားသမက်၊ ဒေါ်တင်တင်ဦး၏ ခင်ပွန်း၊ (ဦးဝင်းအောင်)-ဒေါ်ခင်ခင်ညွန့်၊ (ဒေါ်တင်တင်အေး)၊ ဒုတိယဗိုလ်မှူးကြီးညွန့်လှိုင်(ငြိမ်း)-ဒေါ်ခင်သီအေး၊ (ဦးမြင့်သိန်း)-ဒေါ်အေးမေတို့၏ အစ်ကိုကြီး၊ ဒေါ်ကေသီလှ-ဦးမြတ်ထွန်းတို့၏ ချစ်လှစွာသော ဖခင်၊ မဇင်မမြတ်၊ မသင်မမြတ်၊ မတင်မမြတ်-မောင်ဇေယျာလွင်၊ မောင်ကောင်းမြတ်ခန့်၊ မောင်ထူးမြတ်သန့်တို့၏ ချစ်လှစွာသော အဘိုး၊ တူ၊တူမ ၁၁ယောက်တို့၏ ဘကြီးသည် ၉-၇-၂၀၀၄ (သောကြာနေ့) ညနေ ၆း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြကြည် (၇၉)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၁)လမ်း၊ အမှတ်(၇၉၃)နေ (ဦးကျင်စိန်)၏ဇနီး၊ ဒေါ်မြင့်မြင့်(သိမ်ကြီးဈေး၊ ဘီရုံ)၊(ဦးအေးကျူ)-ဒေါ်ငွေးငွေးတို့၏ အစ်မ၊ ဦးလှမြိုင်-ဒေါ်သန်းကြည်၊ဦးအဝမ်(ဓာတ်ခွဲမှူး၊ ပ)-ဒေါ်ရှုဟုန်၊ဒေါ်လွမ်း၊ ဒေါ်ကီး၊ဦးအေးချို-ဒေါ်အုန်းသန်း၊ ဒေါ်ထွေးထွေးကြည်၊ ဦးဝင်းမြင့်-ဒေါ်ချိုချို(နန္ဒဝန်ဈေးသစ်)တို့၏ မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်သိမ်း(၆၃)နှစ်

ဦးစီးအရာရှိ (ငြိမ်း)

အမှတ်(၁) အခြေခံပညာဦးစီးဌာန

ရန်ကုန်မြို့၊ အမှတ်(၄/၇၇)၊ မြို့ပတ်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပနေ (ဦးအုန်းပွင့်-ဒေါ်သင်းမေ)တို့၏ သား၊ဒေါ်ဥဦးကျော်ငွေး၊ဒေါ်ရီ (ကော့မှူး)တို့၏ အစ်ကိုကြီး၊ ဒေါ်ထွေး၏ ခင်ပွန်း၊ ဦးသိန်းစိုး (ဂိတ်မှူး၊ လှည်းကူး မ-ထ-သ)၏ ဖခင်သည် ၁၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

သိမ်၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမျိုးလွင် (ခ) ဦးခင်ဌါ

အသက်(၆၃)နှစ်

(ညောင်တုန်း)

ညောင်တုန်းမြို့၊ အမှတ်(၁၈)၊၉ လမ်း၊ ကမ်းနားနေ(ဦးရွှေဟွန်း-ဒေါ်လှကြည်)တို့၏ သား၊ (ဦးရွှေစိန်-ဒေါ်ဖြူနှစ်)တို့၏ တူသား၊ (ဦးသိန်းအောင်)-ဒေါ်ဖြူတို့၏ သားသမက်၊ ဒေါ်စန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်ဇော်-ဒေါ်အေးအေးမြင့် (အမှတ် ၈/၃၀) ဒဂုံရောကားဂိတ်ဝင်းနေ (ဆည်းဆာစားသောက်ဆိုင်) ဦးဇော်ထွန်း-ဒေါ်တင်တင်ဦး၊ မလွင်လွင်စန်းတို့၏ဖခင်၊ နိုင်ထွန်းလင်း၊ မောင်ကောင်းထက်တို့၏ အဘိုးသည် ၁၀-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးနန္ဒိယ(ထားဝယ်)

သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဇေယျာသုခကျောင်းတိုက်နေ ဦးနန္ဒိယသည် (၁၃၆၆ ခု၊ ပထမဝါဆိုလပြည့်ကျော် ၇ရက်)၊ ၈-၇-၂၀၀၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါ၍၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁ နာရီတွင် အထက်ပါကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း။

ကျောင်းတိုက်သံဃာတော်များနှင့် တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သူရိယာဘိဝံသ(မန္တလေးစာချဆရာတော်)

သိက္ခာတော်(၄၆)ဝါ၊ သက်တော်(၆၆)နှစ်

ရန်ကုန်တိုင်း၊သုံးခွမြို့နယ်၊တမံကြီးကျေးရွာနေ(ဦးမောင်ချိန်- ဒေါ်မိန်းခလေး)တို့၏သား၊ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံး ဥသျှောင်ရပ်ကွက်၊ မဟာနန္ဒိသေနာရာမတိုက်၊ သတ္တမအဋ္ဌကျောင်း၌ သီတင်းသုံးတော်မူသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊မဟာဂန္ထဝါစကပဏ္ဍိတ၊ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတရေ၊ သကျသီဟမူလမွှောစရိယ၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတရေ ဂုဏဝိသိဋ္ဌ၊ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တ သူရိယာဘိဝံသ ဆရာတော်ကြီးသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ရက်)၊ ၈-၇-၂၀၀၄ (ကြာသပတေးနေ့)နံနက် ၉း၄၀နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်ဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း။ (အန္တိမအဂ္ဂိဈာပန ကျင်းပမည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ မဟိန္ဒ

သိက္ခာတော်(၃၀)၊ သက်တော်(၈၄)နှစ်

ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌ(ရွှေကျင်)

သာသနာတော်ထွန်းကားပြန့်ပွားရေး ထေရဝါဒ ဗုဒ္ဓသာသနာပြု (ဗဟိုဌာန)

မွန်ပြည်နယ်တာဝန်ခံ၊ ဘီးလင်းမြို့၊ (မြင်သာတောင်)

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ မြင်သာတောင် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မဟိန္ဒသည် (၁၃၆၆ခုပထမဝါဆိုလပြည့်ကျော်၇ရက်) ၈-၇-၂၀၀၄ (ကြာသပတေးနေ့)ညနေ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခု ပထမဝါဆိုလပြည့်ကျော်၁၁ရက်) ၁၂-၇-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါကြောင်း။

ရန်ကုန်သာဝက(တာမွေ)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ စန္ဒာဝရ (ဦးဆယ်)

သိက္ခာတော်(၁၄)ဝါ၊ သက်တော်(၇၁)နှစ်

(ဘိုကလေး၊ အရှေ့ဖျား)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ (ဂ)ရပ်ကွက်၊ သုဝဏ္ဏသိင်္ဂီမိုးကုတ်ဝိပဿနာကျောင်းတိုက်၌ သီတင်းသုံးတော်မူသောဘဒ္ဒန္တစန္ဒာဝရသည် (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ရက်)၊ ၉-၇-၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ရက်) ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမဈာပနကျင်းပမည်ဖြစ်ပါကြောင်း။ တပည့်ဒါယကာ၊ ဒါယိကာမများ။

ရဟန်း၊ကျောင်း၊နတ်လမ်း၊ဆွမ်း၊ဆေး ဒါယကာကြီး

ဦးစိန်ထွန်း (၇၉)နှစ်

(သုံးခွ)

သုံးခွမြို့နေ (ဦးပွ-ဒေါ်သိန်း)တို့၏ သား၊ကမ္ဘာအေးနေ (ဦးဘဝင်း-ဒေါ်တင့်)တို့၏သားသမက်၊ ဦးကုလား-ဒေါ်ထွေးကြည်၊ ဦးနီ-ဒေါ်စန်းရီ၊ ဦးဉာဏ်-ဒေါ်မြင့်၊ (ဦးရန်)-ဒေါ်သန်းကျင်၊ ဦးသန်း-(ဒေါ်ခင်ကြိုင်)၊ ဦးတင်ဖေ-(ဒေါ်သန်းရွှေ)၊ ဦးစိန်တင်မောင်-ဒေါ်သန်းငွေ၊ ဦးတင်စိုး-ဒေါ်သန်းကြွေတို့၏ အစ်ကိုကြီး၊ ဦးကုလား-ဒေါ်တင်တင်ဝင်း၊ ဦးအောင်လှ-ဒေါ်လှရီ၊ ဦးသန်းထွန်း-ဒေါ်ခင်မြတ်သူတို့၏ အစ်ကိုကြီး၊ ကိုမျိုးမြင့်သိန်း-မမြသန္တာထွန်းတို့၏ ဖခင်၊ မအေးသူခိုင်၏ အဘိုး၊ ဒေါ်အေးကြွေ၏ ခင်ပွန်းသည် ၁၀-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကမ္ဘာအေး၊ ရေကူးဘူတာရုံလမ်း၊ ခြံအမှတ်(၂) နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဖြူဖြူဝင်း(၅၉)နှစ်

(အိုးသည်ကုန်းမြို့)

အိုးသည်ကုန်းမြို့၊ (၁)လမ်းနေ (ဦးရောင်စံ-ဒေါ်ကြင်ရွှေ)တို့၏ သမီး၊ ဒေါ်မြင့်မြင့်သန်း (မဟာမြိုင်အထူးကုဆေးခန်း)၏ ညီမ၊ ရဲအုပ်ဦးမောင်မောင်စိုး-ဒေါ်ခင်ဝင်းကြည်၊ ဦးသောင်းညွန့်-ဒေါ်စန်းငွေး၊ ဒေါ်မြင့်မြင့်သိန်း(နယကရုံး)၊ဦးသောင်းထွန်း-ဒေါ်မာမာဦး၊ ဦးဝင်းလှိုင် (ရတနာရွှေဆိုင်)-ဒေါ်ကြူကြူစံ၊ ဦးကိုကိုဇော် (ကောင်း-စားသောက်ဆိုင်၊ သီရိမင်္ဂလာဈေးရှေ့)-ဒေါ်မြင့်မြင့်သော်တို့၏ အစ်မ၊ တူ၊ တူမ ၁၂ယောက်၊ မြေးသုံးယောက်တို့၏ ဒေါ်ကြီး/အဘွားသည် ၁၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် အိုးသည်ကုန်းမြို့၊ (၂)လမ်း နေအိမ်မှ အိုးသည်ကုန်းမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးမြိုင် အသက်(၇၀)

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ပေါက်တန်းဒိတ်ကုန်းကျောင်းဆရာတော် ဦးနန္ဒိယ၊ ဆရာတော် နန္ဒဝံသတို့၏ ဒါယကာကြီး၊ ကစင်ကျေးရွာနေ ဒေါ်ကြီး၊ အင်းစိန်မြို့နေ ဦးကြည်-ဒေါ်မြရွှေ၊ ဒေါ်တင်အေး၊ ဦးလှရွှေ-ဒေါ်ခင်ပို၊ သမိုင်းနေ ဦးအုန်းဟန်၊ ပေါက်တန်းကျေးရွာနေ ဒေါ်လှမေတို့၏မောင်၊ ပေါက်တန်းကျေးရွာနေ ဒေါ်စိန်မှီ၊ ဒေါ်ခင်ဝင်း၊ဦးမောင်ညွန့်-ဒေါ်သန်းမြ၊ ဒေါ်တင်တင်ဝင်း၊ဦးဖြူလုံး-ဒေါ်စန်းမြင့်၊ အင်းစိန်မြို့နေ ဦးကြည်လှိုင်-ဒေါ်ခင်မျိုးသန်း၊ (ဦးလှသန်း)-ဒေါ်တင်ရွှေ၊ ဒေါ်အုန်းကြွေ၊ ဒေါ်ရင်လှတို့၏ အစ်ကို၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၁၅၇)နေ (ဒေါ်ခင်မြိုင်)၏ ခင်ပွန်းသည် ၁၀-၇-၂၀၀၄ (စနေနေ့)တွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ထီး၊ သိမ်၊ ကျောင်း၊ ဇရပ် တံတိုင်း၊ ရေကန်၊ ရဟန်း ဒါယကာကြီး

ဆရာကြီး ဦးဇော်ဖေ (၆၇)နှစ်

[လူမှုဖူလုံရေးအဖွဲ့-(ငြိမ်း)]

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း(၅၀) အပေါ်ဘလောက်၊ အမှတ်(၁၅၅/၁၅၇)နေ (ဦးလှိုင်-ဒေါ်ညိုတင့်)တို့၏ သား၊ (ဦးစိုးလှိုင်-ဒေါ်ငြိမ်းငြိမ်း)တို့၏ သားသမက်၊ ဦးသန်းလွင် - ဒေါ်စိန်ရွှေမြ(ခ)မမီးမီး၊ ဦးဇော်လှိုင်-ဒေါ်ခင်စော၊ (ကိုတင်အောင်ချို)၊ မဖြူဖြူသိမ်းတို့၏ ဖခင်၊ ကောင်းမြတ်လွင်၊ ထက်ထက်အောင်(၂) (ထ-၄၊ ပုဇွန်တောင်)၊ ဖြူပုလဲသွယ် (မ-၈၊ ပုဇွန်တောင်) တို့၏အဘိုးသည် ၁၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၀၈၃၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၀၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၀၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိမြို့နယ်များ လှည့်လည်ကြည့်ရှု ဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းပေး

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း နောင်ချိုမြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန် ဇူလိုင် ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၂ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ မြို့နယ်ခန်းမ၌ နောင်ချိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဌာနေပြန်မည့် ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇူလိုင် ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဧည့်ကြိုဆောင်ရှေ့သို့ ရောက်ရှိကြပြီး အမျိုးသားညီလာခံပြီးဆုံး၍ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေမိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

နှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်တန်းဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာသွားကြသည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား လက်ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။ စာမျက်နှာ ၅ ကော်လံ ၅ သို့ ●

ကိုကိုးကျွန်း မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၄ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့ မြန်မာစံတော်ချိန်နံနက် ၀၉:၃၀ နာရီအချိန်တွင် ကိုကိုးကျွန်း၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၅၃ မီလီမီတာ (၉ ဒသမ ၉၆ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၅၁နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ် ဖြစ်သည်။